ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ အင်္ဂါနေ့ (2-5-2006)(၄၉၄၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ် ချောင်းသာနှင့်ငွေဆောင်ကမ်းခြေ ဟိုတယ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းများ ပုံမှန်ဆက်လက်ဆောင်ရွက်နေ

ရန်ကုန်　　　မေ　　　၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဧပြီ ၃၀ရက်တွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ဧရာဝတီတိုင်း ချောင်းသာကမ်းခြေအပန်းဖြေစခန်းသို့ ရောက်ရှိကြပြီး ယင်းအပန်းဖြေစခန်းရှိ ပြည်လုံးချမ်းသာစေတီဓမ္မာရုံ၌ ပုသိမ်ခရိုင် ချောင်းသာကမ်းခြေအနီးဝန်းကျင်မှ လေဘေးဒဏ်သင့် အိမ်ထောင်စုဝင်များနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ငွေကျပ်ငါးသိန်းနှင့် ထောက်ပံ့ရေးပစ္စည်းများကို လည်းကောင်း၊ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ငွေကျပ်ငါးသိန်းနှင့် ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်းနှင့် ဆန်အိတ် ၄၀၊ ဆီပိဿာ ၃၀ အပါအဝင် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့် အတွင်းရေးမှူးတို့သည် ချောင်းသာကမ်းခြေအပန်းဖြေစခန်းရှိ ဟိုတယ်များသို့ သွားရောက်ကြကာ လေပြင်းတိုက်ခတ်ခံရမှုအခြေအနေ၊ အပန်းဖြေသူများ လာရောက်အပန်းဖြေမှုနှင့် ဟိုတယ်များ၏ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ပုံမှန်ဆောင်ရွက်

ချောင်းသာအပန်းဖြေစခန်းရှိ ဟိုတယ်နှင့် တည်းခိုခန်းအချို့၌ လေပြင်းတိုက်ခတ်ခံရမှုကြောင့် ပျက်စီးမှု အနည်းငယ်ရှိကြောင်းနှင့် ပြည်တွင်းပြည်ပမှ ခရီးသွားလုပ်ငန်းများ ပုံမှန်ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

ကြေးမုံ The Mirror ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❒ *အလုပ်သမားကြီးများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ ဝီရိယစိုက်ထုတ် ကြိုးပမ်းစွမ်းဆောင်မှုကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရေမြင့်၍ ကြာတင့်သည့်ပမာ ကာယ၊ ဉာဏ အလုပ်သမားကြီးများ၏ လုပ်ခလစာများ၊ အခွင့်အရေးနှင့် အခွင့်အလမ်းများ ထိုက်ထိုက်တန်တန် ရရှိခံစားနိုင်စေရန် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။*
(ခေါင်းကြီး) စာမျက်နှာ-၂

❒ *ယခုလက်ရှိဖြစ်ပွားသော ကြက်၊ငှက်တုပ်ကွေးရောဂါ ပြန့်ပွားမှုတွင် တစ်ကမ္ဘာလုံး၌ လူပေါင်း ၁၀၀ ကျော် ရောဂါကူးစက်ခံရသည်။ ဤကိန်းဂဏန်းသည် ရောဂါဖြစ်ပွားသော ကြက်၊ ငှက်များနှင့် နှိုင်းယှဉ်လျှင်သော်လည်းကောင်း၊ ထို ကြက်၊ ငှက်များကို ကိုင်တွယ်သည့် လူဦးရေကိန်းဂဏန်းနှင့် ယှဉ်လျှင်သော်လည်းကောင်း လွန်စွာနည်းသည်။*
ပါမောက္ခဒေါက်တာခွန်စိုးမိုး၏ **"ကြက်၊ ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ"** (ဆောင်းပါး) စာမျက်နှာ-၃

အားပေးစကားပြောကြား

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဧရာဝတီတိုင်း ချောင်းသာ အပန်းဖြေစခန်းရှိ ပြည်လုံးချမ်းသာစေတီဓမ္မာရုံ၌ ပုသိမ်ခရိုင် ချောင်းသာကမ်းခြေအနီးဝန်းကျင်မှ လေဘေးဒဏ်သင့် အိမ်ထောင်စုဝင်များအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂-၅-၂၀၀၆
(အင်္ဂါနေ့)

ကုန်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတိုးတက်သွက်လက်မြန်ဆန်ရေး အမျိုးသားရေးအကျိုးစီးပွားနှင့်ယှဉ်၍ ကြိုးပမ်းဖော်ဆောင်

မေလ ၁ ရက် အလုပ်သမားနေ့သည် အလုပ်သမားများ၏ စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသသောနေ့ဖြစ်သည်။ အလုပ်သမားများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုဖြင့် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည့်အပြင် မြန်မာအလုပ်သမားကြီးများ၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့သည် သမိုင်းတွင် မှတ်ကျောက်တင်ခံနိုင်ခဲ့ပြီဖြစ်သည်။

၂၀၀၆ ခုနှစ် မေလ ၁ ရက်နေ့တွင်ကျရောက်သော အလုပ်သမားနေ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင်-

ကာယ၊ ဉာဏအလုပ်သမားကြီးများက အမျိုးသားရေးအသိစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး အမြန်ဆုံးပေါ်ထွန်းလာရေးအတွက်လည်းကောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်လည်းကောင်း၊ နယ်ချဲ့လက်သစ်များနှင့် ယင်းတို့၏လက်ကိုင်တုတ်များ၏ နှောင့်ယှက်ဖျက်ဆီးမှုများကို ဟန့်တားကာကွယ်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုကြီး စုစည်းခိုင်မာစွာ အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ရှေ့တန်းမှ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် လေးနက်စွာတိုက်တွန်းအပ်ပါသည် ဟူ၍ ဖော်ပြပါရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ မှန်ကန်သောဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူများ၏ ညီညွတ်စွာ လက်တွဲပူးပေါင်းဆောင်ရွက်မှု၊ ကာယ၊ ဉာဏအလုပ်သမားကြီးများ၊ တောင်သူလယ်သမားကြီးများ၏ အားထုတ်ကြိုးပမ်း စွမ်းဆောင်မှုတို့ကြောင့် စီးပွားရေးစီမံကိန်းများ ရည်မှန်းသည်ထက် ပိုမိုတိုးတက်အောင်မြင်လျက်ရှိသည်။ နိုင်ငံတစ်ဝန်း အေးချမ်းသာယာပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

အလုပ်သမားကြီးများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ ဝီရိယစိုက်ထုတ် ကြိုးပမ်းစွမ်းဆောင်မှုကြောင့် နိုင်ငံဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ရေမြင့်၍ကြာတင့်သည့်ပမာ ကာယ၊ ဉာဏအလုပ်သမားကြီးများ၏ လုပ်ခလစာများ၊ အခွင့်အရေးနှင့်အခွင့်အလမ်းများ ထိုက်ထိုက်တန်တန် ရရှိခံစားနိုင်စေရန် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး၌ အောင်မြင်မှုအသီးအပွင့်များ ဖြစ်ထွန်းနေချိန်တွင် ကိုလိုနီနယ်ချဲ့လက်သစ်တို့က အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကို ခြယ်လှယ်ကြိုးကိုင်၍ လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးကို အကာအကွယ်ပေးလေဟန်ဖြင့် မြန်မာနိုင်ငံအား ပုတ်ခတ်စွပ်စွဲမှုများ ပြုလုပ်လျက်ရှိသည်။ ယင်းတို့၏လက်ကိုင်တုတ်များကို အလုပ်သမားအရေခြုံစေ၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအတွင်း ဝင်ရောက်လှုပ်ရှားစေပြီး မြန်မာနိုင်ငံနှင့် မြန်မာအလုပ်သမားတို့၏အကျိုးကို ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်နေကြောင်း တွေ့ရသည်။

မြန်မာအလုပ်သမားထု တစ်ရပ်လုံးက နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးအမြင် ကြည်လင်ထက်သန်စွာဖြင့် နယ်ချဲ့လက်သစ်များနှင့် ယင်းတို့လက်ကိုင်တုတ်များ၏အန္တရာယ်ကို အစဉ်သတိပြု တားဆီးကာကွယ်သွားကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်၍ တည်ဆောက်လျက်ရှိသည်။ အဆိုပါမူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ အလုပ်သမားကြီးများ၏ ကိုယ်စားလှယ်များအပါအဝင် တိုင်းရင်းသားညီလာခံကိုယ်စားလှယ်များက အနာဂတ်နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများရရှိစေရန် ဝိုင်းဝန်းအကြံပြုဆွေးနွေး ဖော်ဆောင်နေကြပြီဖြစ်သည်။

သို့ဖြစ်ရာ ကာယ၊ ဉာဏအလုပ်သမားကြီးများအနေဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးတို့ကို အမျိုးသားရေးအကျိုးစီးပွားနှင့်ယှဉ်၍ ကြိုးပမ်းဖော်ဆောင်ရင်း ပြည်ထောင်စုကြီး စုစည်းခိုင်မာစွာ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် အမျိုးသား သစ္စာဖောက် ပုဆိန်ရိုးများ၏အန္တရာယ်ကို တားဆီးကာကွယ်တိုက်ဖျက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံ

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်သည် ဧပြီ ၁၉ရက်တွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်တင်လတ်၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာလူ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာလူက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က အမျိုးသမီးရေးရာအဖွဲ့ဝင်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားလျက် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဘက်ဘက်မှ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရန်၊ အမျိုးသမီးနှင့် ကလေးများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းများ၊ ပြုစုပျိုးထောင်ရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်းများ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (HIV/AIDS) တားဆီးကာကွယ်ရေး၊ တိုက်ဖျက်ရေး လုပ်ငန်းများ၊ အမျိုးသားကျန်းမာရေးစီမံကိန်းပါ လုပ်ငန်းများ၊ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အခြားသော လူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်စိန်က ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်သည် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံးခန်း၌ ခင်းကျင်းပြသထားသည့် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်ထားသော စက်ချုပ်သင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်းများသို့ သွားရောက်ပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အားပေးစကား ပြောကြားသည်။

အဆိုပါ စက်ချုပ်သင်တန်းတွင် သင်တန်းသူ ၃၅ဦး တက်ရောက်လျက်ရှိပြီး အခြေခံကွန်ပျူတာသင်တန်းတွင် သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်ထားသော အခြေခံကွန်ပျူတာသင်တန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သင်္ဃန်းကျွန်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် နံနက် ၁၀နာရီက မြို့နယ်ရုံးခန်းမ၌ကျင်းပရာ ရှေးဦးစွာ သဘာပတိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိန်ညွန့် (မောင်နေမျိုး)တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရာ ဥက္ကဋ္ဌ ဦးစိန်ညွန့် (မောင်နေမျိုး)၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ကြည်(ရေနံမြေမောင်မောင်ကြည်)၊ အတွင်းရေးမှူး ဦးဘသစ်(ဘသစ်ထူး)၊ ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်းမြင့်(ယုဝတီသဇင်ဗန်းမော်)တို့ ပါဝင်သော အမှုဆောင်ကိုးဦးနှင့် အရန်အမှုဆောင်နှစ်ဦးတို့ကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် ရွေးချယ်ခံအမှုဆောင်သစ်များက သဘာပတိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာ ခံယူကြသည်။

(အပေါ်ပုံ) (၅၀၆)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၃၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၅။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၁၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" အပိုင်း(၂၁)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကောင်းကင်သိုင်းကွက်" အပိုင်း(၂၅)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ

ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

ပါမောက္ခ ဒေါက်တာခွန်စိုးမိုး

ကြက်ငှက်တုပ်ကွေးရောဂါဆိုသည်မှာ အဘယ်နည်း။

ကြက်ငှက်တုပ်ကွေးဆိုသည်မှာ အများအားဖြင့် တောင်ပံပါသော သတ္တဝါများကို ကူးစက်တတ်သော ဗိုင်းရပ်(စ်)ရောဂါတစ်မျိုး ဖြစ်သည်။ ဝက်သို့လည်း တစ်ခါတစ်ရံ ကူးစက်တတ်သည်။ ကြက်ငှက်တုပ်ကွေးရောဂါသည် အများအားဖြင့် သတ်မှတ်ထားသော သတ္တဝါများတွင်သာ ဖြစ်လေ့ရှိသော်လည်း လူသို့ကျော်လွှားကူးစက်တတ်သည်။ အိမ်မွေးကြက်၊ ဘဲတို့တွင် ဖြစ်တတ်သော ကြက်ငှက်တုပ်ကွေးတို့သည် အများအားဖြင့် ပုံသဏ္ဍာန်နှစ်မျိုးဖြင့် လာရောက်တတ်သည်။ တစ်ခုမှာ အပျော့စားဖြစ်ပြီး ကြက်များအနေအထိုင်ကုပ်သွားခြင်း၊ ဥစားကြက်မများတွင် ဥနှုန်းကျဆင်းခြင်းတို့ဖြင့် အလွယ်တကူ သတိမမူမိဘဲ ရှိတတ်သည်။ အပြင်းစားမှာ အလွန်လျင်မြန်ပြီး ကြက်များအသက်ရှူခက်ခဲခြင်း၊မျက်ရည်နှင့် နှာရည်ကျခြင်း၊ ဦးခေါင်းနှင့်မျက်နှာဖောရောင်ခြင်း၊ ခြေထောက်နှင့်ခြေဆစ်တွင် သွေးယိုစီးမှုဖြစ်ပြီး အနီအစက်အပြောက်များ ပေါ်လာခြင်းဖြင့် ကြက်ခြံတစ်ခုလုံး သေဆုံးကုန်သည်အထိ ဖြစ်နိုင်သည်။ ဤကဲ့သို့ဖြစ်ခဲ့လျှင်လည်း ၄၈နာရီအတွင်း လျင်မြန်စွာ ကူးစက်တတ်သည်။

မည်သည့် ဗိုင်းရပ်(စ်)ပိုးသည် ရောဂါပြင်းထန်စွာ ဖြစ်စေနိုင်ပါသနည်း။

တုပ်ကွေးဗိုင်းရပ်(စ်)အမျိုးအစား(A)၊ (B)နှင့် (C)ဟူ၍ သုံးမျိုးရှိရာတွင်(A)နှင့်(B)အမျိုးအစားနှစ်ခုသာ လူ၏ကျန်းမာရေးနှင့် ပတ်သက်သည်။ အေအမျိုးအစား တုပ်ကွေးဗိုင်းရပ်(စ်)တစ်မျိုးသာ ဆိုးရွားစွာ ပျံ့နှံ့ခြင်း (Pandemic)ဖြစ်နိုင်သည်။ တုပ်ကွေးဗိုင်းရပ်(စ်)(A) တွင် အုပ်စုကွဲ(H)နှင့် အုပ်စုကွဲ(N)ဟု ထပ်မံခွဲခြားနိုင်သည်။ အမျိုးအစား(H)တွင် အုပ်စု၁၆စုရှိပြီး အမျိုးအစား(N)တွင် ကိုးအုပ်စုရှိသည်။ (H)အုပ်စုမှာ ကူးစက်ခြင်းအတွက် အရေးပါပြီး ထိုးဖောက်ဝင်ရောက်နိုင် စွမ်းအားကို ဖော်ပြသည်။ (N)အုပ်စုမှာ မျိုးဆက်သစ် ဖြစ်ပေါ်နိုင်စွမ်းအားကို ပြသည်။ (H_5)နှင့် (H_7) အုပ်စုတို့သည် ရောဂါဖြစ်စေနိုင်သော အုပ်စုများဖြစ်သည်။ သို့ရာတွင် (H_5) နှင့် (H_7)အုပ်စုဝင်အားလုံးရောဂါ ဖြစ်စေသည် မဟုတ်ပါ။ (H_5)နှင့်(H_7)အုပ်စုဝင် ဗိုင်းရပ်(စ်)တို့သည် ကြက်ခြံတို့တွင် အပျော့စားပုံသဏ္ဍာန်ဖြင့် မကြာမကြာ ဝင်ရောက်လေ့ ရှိသည်။ ထို့အတွက်ကြောင့် (H_5)နှင့် (H_7)အုပ်စုဝင် ဗိုင်းရပ်(စ်)များ ကြက်ခြံထဲတွင် တွေ့သည်နှင့် အရေးတယူ မပြုလုပ်ကြခြင်း ဖြစ်သည်။ ဤကဲ့သို့ ကြက်ခြံတွင်းသို့ မကြာမကြာ ဝင်ရောက်နေရာမှ ထိုဗိုင်းရပ်(စ်)ပိုးတို့သည် လအတော်ကြာပြီးသည့်အခါ၌ ခံနိုင်ရည်ရှိလာပြီး ပြင်းထန်သော ရောဂါပေးနိုင်သည့် မျိုးအုပ်စုအဖြစ်သို့ အသွင်သဏ္ဍာန် ပြောင်းလဲတတ်ကြသည်။

ဆောင်းခိုငှက်များဖြင့် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်(စ်)များ ပြန့်ပွားစေနိုင်ပါသလား။

ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်(စ်)များ ဆောင်းခိုငှက်များဖြင့် ပြန့်ပွားသွားခြင်းရှိ၊မရှိ ယခုအချိန်အထိ တိတိကျကျ မပြောနိုင်သေးပါ။ ရေဘဲတို့သည် တုပ်ကွေးဗိုင်းရပ်(စ်) (H_5) နှင့် (H_7) ကို သယ်ဆောင်ထားကြသော်လည်း ရောဂါဖြစ်ပွားခြင်းမရှိဘဲ နေနိုင်သည်မှာ ရာစုတစ်ခုပင် ရှိခဲ့သည်ဟု သိထားရသည်။ ထို့ကြောင့် ရေဘဲများသည် ကြက်ငှက်တုပ်ကွေးကို ဖြန့်ချိပေးသော သတ္တဝါများမဟုတ်ဟု ယူဆထားခဲ့သည်။ ထိုရေဘဲများ သယ်ဆောင်ထားသော (H_5) နှင့် (H_7) အမျိုးအစားဗိုင်းရပ်(စ်)သည် ကြက်ခြံထဲသို့ ရောက်ရှိသွားပါက ရောဂါပြင်းထန်သော အသွင်သဏ္ဍာန်သို့ ပြောင်းသွားနိုင်သည်။ သို့ရာတွင် ယခုဖြစ်ပွားနေသော ကြက်ငှက်တုပ်ကွေးတွင်မူ ဆောင်းခိုငှက်တို့သည် (H_5N_1) အမျိုးအစား လွန်စွာအန္တရာယ်ကြီးသော ဗိုင်းရပ်(စ်)ကို တိုက်ရိုက် ဖြန့်ဖြူးပေးသော သတ္တဝါများ ဖြစ်နိုင်သည်ဟု ကောက်ချက်ချထားသည်။ ထို့ကြောင့် အခြားဒေသများသို့ ပျံ့နှံ့သွားနိုင်သေးသည်ဟု ယုံကြည်ပြီး စောင့်ကြည့်လျက် ရှိနေခြင်းဖြစ်သည်။

လက်ရှိဖြစ်ပွားနေသော ကြက်ငှက်တုပ်ကွေးရောဂါ၏ အထူးဝိသေသသည် အဘယ်နည်း။

လက်ရှိဖြစ်ပွားနေသော ကြက်ငှက်တုပ်ကွေးရောဂါသည် အရှေ့တောင်အာရှတွင် ၂၀၀၂ခုနှစ် နှစ်လယ်ပိုင်းမှ စတင်ဖြစ်ပွားခဲ့ပြီး အရေအတွက် အများဆုံးနှင့် အပြင်းထန်ဆုံး မှတ်တမ်းဝင်ပါသည်။ ယခင်ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးသမိုင်းတွင် ဤမျှများပြားသောနိုင်ငံများ တစ်ပြိုင်နက်ဖြစ်ပွားခဲ့ခြင်း မရှိသလို သေဆုံးမှုကောင်ရေလည်း မများခဲ့ပါ။ ရောဂါဖြစ်ပွားစေသည့် (H_5N_1) ဗိုင်းရပ်(စ်)သည် ကြက်၊ ငှက်ကောင်ရေ ပေါင်း သန်း၁၅၀ခန့်ကို သေဆုံးခဲ့ပြီးသော်လည်း ယနေ့ထက်တိုင် အင်ဒိုနီးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ ဒေသအချို့တွင် ပြန့်ပွားလျက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံတို့တွင်လည်း ကြိုးကြားကြိုးကြား ဖြစ်ပေါ်လျက်ရှိနေသည်။ ဤရောဂါကို မွေးမြူရေးခြံတို့တွင် နိုင်နင်းစွာထိန်းသိမ်းနိုင်ရန် နှစ်အတန်ကြာ ကြိုးပမ်းရဦးမည်ဖြစ်သည်။

မည်သည့်နိုင်ငံတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ပါသနည်း။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလလယ်မှစ၍ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ဦးပိုင်းအထိ စတင်ဖြစ်ပွားခဲ့သည့် နိုင်ငံအလိုက် ပြောရမည်ဆိုလျှင် တောင်ကိုရီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ဖြစ်သည်။ ဤနိုင်ငံတို့တွင် ယခင်က ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သည်ဟု သမိုင်းမှတ်တမ်းများ မရှိခဲ့ပါ။ ၂၀၀၄ခုနှစ် ဩဂုတ်လဆန်းတွင် မလေးရှားနိုင်ငံသည် (H_5N_1) ကြက်ငှက် တုပ်ကွေးရောဂါကို စတင်တွေ့ရှိခဲ့သည်။ ထို့ကြောင့် အာရှတိုက်တွင် ကိုးခုမြောက်ဖြစ်ပွားခဲ့သော နိုင်ငံဖြစ်သည်။ ရုရှားနိုင်ငံသည် (H_5N_1) ကြက်ငှက်တုပ်ကွေးရောဂါပြန့်ပွားမှုကို ၂၀၀၅ခုနှစ် ဇူလိုင်လတွင် စတင်တွေ့ရှိခဲ့သည်။ ၎င်းနောက်မှကပ်၍ ကာဂျစ်စတန်နိုင်ငံတွင် တောရိုင်းငှက်များ (H_5N_1) ကြောင့် သေဆုံးမှုရှိကြောင်း သတင်းပေးခဲ့သည်။ တစ်ပြိုင်တည်းမှာပဲ မွန်ဂိုလီးယားနိုင်ငံမှလည်း ဆောင်းခိုငှက်တို့ (H_5N_1) ဖြင့် သေဆုံးနေသည်ဟု သတင်းပေးခဲ့သည်။ ၂၀၀၅ခုနှစ် အောက်တိုဘာလတွင်မူ တူရကီနိုင်ငံနှင့် ရိုမေးနီးယားနိုင်ငံတို့တွင်(H_5N_1) ရောဂါကို မွေးမြူရေးခြံများတွင် စတင်တွေ့ရှိခဲ့သည်။ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် ကြက်ငှက်တုပ်ကွေးရောဂါကို မွေးမြူရေးခြံများမှ အပြီးအပိုင် ဖယ်ရှားပြီးဖြစ်ကြောင်း ကြေညာခဲ့သည်။ အခြားနိုင်ငံများတွင်မူ ကြိုးကြားကြိုးကြားဖြစ်ပွားလျက် ရှိနေသေးသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် လူနှင့်မည်သို့ ပတ်သက်လာနိုင်ပါသနည်း။

(H_5N_1) အမျိုးအစား ကြက်ငှက်တုပ်ကွေးရောဂါသည် မွေးမြူရေးခြံများမှ လူသားသို့ပတ်သက်နိုင်ပုံ နှစ်နည်းရှိပါသည်။ ပထမနည်းမှာ ကြက်ငှက်တုပ်ကွေးရောဂါသည် အိမ်မွေးကြက်ငှက်များမှ လူသားသို့ တိုက်ရိုက်ကူးစက်ပြီး ဆိုးရွားသော အသက်ရှူလမ်းကြောင်းရောဂါ၊နမိုးနီးယားနှင့် ကိုယ်တွင်းအင်္ဂါအားလုံးအား အချိန်တိုအတွင်း ပျက်စီးစေပြီး သေဆုံးသည်အထိ ဖြစ်နိုင်သည်။ ဒုတိယအချက်မှာ ပို၍သတိထားရမည့် အချက်ဖြစ်သည်။ ၎င်းဗိုင်းရပ်(စ်)ပိုးသည် အချိန်အနည်းငယ်ကြာသည်နှင့် လူသားတို့ကို ပြင်းထန်စွာကူးစက်စေသော ပုံသဏ္ဍာန်အဖြစ်သို့ ပြောင်းလဲသွားနိုင်ပြီး လူသားတစ်ဦးမှ တစ်ဦးသို့ ကူးစက်စေနိုင်ခြင်းဖြစ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါ လူတွင်ဖြစ်ပွားမှုသည် မည်သည့် နိုင်ငံတွင် တွေ့ရှိရသနည်း။

လက်ရှိ ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားမှုကို ခေတ်ခွဲစမ်းသပ်ပြီး လူများတွင် ဖြစ်ပွားသည်ဟု ပြောနိုင်သော နိုင်ငံမှာ လေးနိုင်ငံရှိသည်။ ၎င်းတို့မှာ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်သည်။ ဟောင်ကောင်တွင် ယခင်က ဤရောဂါမျိုးနှစ်ကြိမ်ခံစားခဲ့ရဖူးသည်။ ၁၉၉၇ ခုနှစ် ပထမအကြိမ်တွင် ဤ(H_5N_1) ဗိုင်းရပ်(စ်)ပိုးကြောင့် ၁၈ဦးရောဂါဖြစ်ပွားခဲ့ပြီး ခြောက်ဦးသေဆုံးခဲ့သည်။ ၂၀၀၃ခုနှစ် နှစ်ဦးပိုင်းတွင် နှစ်ဦးရောဂါဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးခဲ့သည်။

လူများသို့ မည်ကဲ့သို့ ကူးစက်နိုင်ပါသနည်း။

လူများသို့ ကူးစက်ခြင်းမှာ ရောဂါပိုးရှိသော ကြက်၊ ငှက်များကို ထိတွေ့ခြင်း၊ ကြက်၊ငှက်ရောဂါပိုးရှိသောနေရာ၊ ပစ္စည်းများကို ကိုင်တွယ်ခြင်းတို့ကြောင့်ဖြစ်သည်။ ယနေ့အထိ ဖြစ်ပွားခဲ့သော လူအများစုမှာ ကျေးလက်နှင့် မြို့အစွန်အဖျားတွင် နေထိုင်ကြသော လူများဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုသူတို့မှာ များသောအားဖြင့် မိမိတို့အိမ်တွင် တစ်နိုင်တစ်ပိုင် ကြက်မွေးမြူသူများဖြစ်ကြပြီး ထိုတိရစ္ဆာန်များကို လွတ်လပ်စွာထားသဖြင့် ၎င်းတိရစ္ဆာန်များ အိမ်တွင်းသို့ဝင်ခြင်း၊ ကလေးများနှင့် ကစားခြင်းတို့ကြောင့်ဖြစ်သည်။ ရောဂါပိုးရှိသော ကြက်၊ ငှက် တို့သည် ၎င်းဗိုင်းရပ်(စ်)ပိုးတို့ကို မစင်စွန့်ရာတွင် အများအပြား စွန့်ထုတ်လိုက်ခြင်းဖြင့် ထိတွေ့မှုပိုဖြစ်စေနိုင်ပြီး ရောဂါကို လွယ်ကူစွာ ပြန့်ပွားစေနိုင်သည်။ အာရှတိုက်ရှိ ကျေးလက်နေပြည်သူတို့မှာ ဝင်ငွေအတွက်သော်လည်းကောင်း၊ စားစရာအတွက်သော်လည်းကောင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးကို လုပ်ကိုင်ကြသည်။ ထိုသူတို့သည် မွေးမြူထားသည့် ကြက်၊ ငှက်များ အနည်းငယ်နေထိုင်မကောင်းသည့် ပုံသဏ္ဍာန်ပြသည်နှင့် သတ်ပြီးရောင်းခြင်း၊ စားခြင်းပြုလုပ်ကြသည်။ ဤဓလေ့ကြောင့် ရောဂါရှိသော မွေးမြူရေး တိရစ္ဆာန်များကို သတ်သည့်အခါ၊ အမွေးနုတ်သည့်အခါ၊ ချက်ပြုတ်ရန် ကိုင်တွယ်သည့်အခါတို့တွင် ထိတွေ့ပြီး ရောဂါကူးစက်စေတတ်သည်။

ရောဂါပိုးကူးစက်ခံထားရသော အသားကို စားသောက်ရန် စိတ်ချရပါသလား။

လက်ရှိရရှိထားသော အချက်အလက်များအရ ကြက်၊ ငှက်တုပ်ကွေးရောဂါသည် ကျက်အောင်ချက်ထားသော အစာမှ ကူးစက်သည်ဟု မတွေ့ရသေးပါ။ သို့ရာတွင် အထက်တွင်ပြောခဲ့သည့်အတိုင်း ရောဂါရှိသော ကြက်၊ ငှက်တို့ကို ကိုင်တွယ်ရာတွင် မိမိထံရောဂါ မကူးစက်နိုင်ရန် အကာအကွယ်များ၊ နှာခေါင်းကာများ၊ လက်အိတ်များဖြင့် သေချာစွာ ကိုင်တွယ်ရမည်ဖြစ်ပြီး ချက်ပြုတ်ရာတွင်လည်း နည်းလမ်းတကျချက်ပြုတ်ရန် အထူးလိုအပ်သည်။ (H_5N_1) ရောဂါပိုးသည် ရိုးရိုးအပူချိန်နှင့် ရေခဲသေတ္တာအပူချိန်တို့တွင် ကောင်းစွာအသက်ရှင် နေနိုင်သည်။ သို့ရာတွင် ရေပွက်ပွက်ဆူသော ဟင်းအိုးထဲတွင် နာရီဝက်ခန့် ကျက်အောင်ချက်ပါက ဗိုင်းရပ်(စ်)ပိုးတို့ သေဆုံးကုန်သည်။ မိမိစားသုံးမည့်ကြက်သားတုံးသည် အတွင်းအပြင်အားလုံး ကျက်သည်ကို သေချာရပါမည်။ ထို့အတူ ဥများကို ပြုတ်ရာတွင်လည်း သေချာစွာ ကျက်အောင် ပြုတ်ပြီး စားသောက်မှသာလျှင် စိတ်ချရပါသည်။

ထိုအသားနှင့်ဥကို ချက်ပြုတ်ရန်ကိုင်တွယ်သော အိမ်ရှင်မများအဖို့ စနစ်တကျ ကိုင်တွယ်မှုမရှိလျှင် ရောဂါကူးစက်ရန် အလွန်လွယ်ကူသည်။ ရောဂါပိုးရှိသည့်အသားများတင်သည့် စဉ်းတီတုံးများ၊ အိုးခွက်ပန်းကန်များကိုလည်း ဆပ်ပြာဖြင့် သေချာစွာ ဆေးကြောပြီး ရေနွေးဖြင့် ထပ်မံဆေးကြောရန် လိုအပ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့လွယ်ကူစွာ ကူးစက်နိုင်ပါသလား။

ယခုလက်ရှိဖြစ်ပွားသော ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားမှုတွင် တစ်ကမ္ဘာလုံး၌ လူပေါင်း ၁၀၀ကျော် ရောဂါကူးစက်ခံရသည်။ ဤကိန်းဂဏန်းသည် ရောဂါဖြစ်ပွားသော ကြက်ငှက်များနှင့် နှိုင်းယှဉ်လျှင်သော်လည်းကောင်း၊ ထိုကြက်ငှက်များကို ကိုင်တွယ်သည့် လူဦးရေကိန်းဂဏန်းနှင့် ယှဉ်လျှင်သော်လည်းကောင်း လွန်စွာနည်းပါသည်။

ရောဂါလျင်မြန်စွာပျံ့နှံ့နိုင်သည့် အန္တရာယ်ရှိပါသလား။

ရောဂါလျင်မြန်စွာပျံ့နှံ့နိုင်ရန်မှာ အချက်သုံးချက်နှင့် ပြည့်စုံရန်လိုအပ်သည်။

(၁) တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး အသစ်ဖြစ်ခြင်း၊

(၂) ထို ဗိုင်းရပ်(စ်)ပိုးသည် လူများကိုကူးစက်ပြီး ပြင်းထန်စွာ ဖျားနာစေခြင်း၊

(၃) လူမှလူသို့ လွယ်ကူစွာ ကူးစက်နိုင်ပြီး လူတွင် ကြာရှည်စွာ အသက်ရှင်နေထိုင်နိုင်ခြင်းတို့ ဖြစ်သည်။

(H_5N_1)ဗိုင်းရပ်(စ်)သည် အထက်ပါအချက်ဖြင့် ပြည့်စုံနေပါသည်။ (H_5N_1) သည် ဗိုင်းရပ်(စ်)မျိုး အသစ်ဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၆ခု မတ်လ ၂၁ရက်နေ့ထုတ်ပြန်ထားသော မှတ်တမ်းအရ လူပေါင်း ၁၈၄ဦး ရောဂါကူးစက်ခံရကာ ၁၀၃ဦးသေဆုံးခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူတွင်ရောဂါဖြစ်ပွားမှု မရှိစေရေး၊ လူတစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်မှုမဖြစ်စေရေးတို့ကိုသာ ယခုအခါအာရုံစိုက်လျက်ရှိပါသည်။

ရောဂါရှိသောလူမှ အခြားလူတစ်ဦးသို့ ရောဂါကူးစက်နိုင်ပါသလား။

ယခုအထိ ရရှိထားသော အချက်အလက်များအရ ကြက်ငှက်တုပ်ကွေးရောဂါသည် ရောဂါရှိသော ကြက်၊ငှက်နှင့် တိုက်ရိုက်ထိတွေ့သောသူများနှင့် ၎င်းရောဂါကို အနီးကပ်ထိတွေ့ပြုစုရသော လူတချို့တွင်သာ တွေ့ရှိရသည်။ ကြက်ငှက်တုပ်ကွေးရောဂါကို မိသားစုတွင် တစ်ပြိုင်နက်တည်းဖြစ်ပွားကြသည်ကို တွေ့ရှိရသော်လည်း ၎င်းတို့သည် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ခြင်းဟုတ်၊ မဟုတ် မပြောနိုင်သေးပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ရောဂါဖြစ်ပွားသော ကြက်ခြံ၊ မွေးမြူရေးငှက်များနှင့် ထိတွေ့သည့် အချက်တူနေခြင်းကြောင့် ဖြစ်ပါသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေး ရှိပါသလား။

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ဆေး ယခုအချိန်အထိ မရှိသေးပါ။ နိုင်ငံအတော်များများတွင် ကြိုးစားရှာဖွေလျက် ရှိနေကြပါသည်။ သို့ရာတွင် ယနေ့ထက်တိုင် ဈေးကွက်ဝင်သည့် ကာကွယ်ဆေး မထုတ်နိုင်သေးပါ။

ကြက်ငှက်တုပ်ကွေးကို ကုသနိုင်သော ဆေးဝါးများရှိပါသလား။

ရှိပါသည်။ ၎င်းတို့မှာ–

(၁) Tamiflu (Oseltamivir)

(၂) Relenza (Zanamivir)

ထိုဆေးဝါးများကို ရောဂါဖြစ်ပြီး ၄၈ နာရီအတွင်း ပေးမှသာလျှင် သက်သာမည်ဖြစ်သည်။ ဤဆေးများ၏ အခက်အခဲ နှစ်ချက်ရှိသည်။ ပထမအချက်မှာ ဤဆေးများကိုထုတ်လုပ်ရာတွင် လွန်စွာခက်ပြီး အချိန်အလွန်ကုန်သည်။ ဒုတိယအချက်မှာ ထိုဆေး၏ ဈေးနှုန်းသည် အများစုဝယ်သုံးနိုင်သော အခြေအနေတွင်မရှိပါ။ ယခုလက်ရှိ အခြေအနေတွင် (H_5N_1)ဗိုင်းရပ်(စ်)ကြောင့်ဖြစ်သော နမိုးနီးယားသည် ပဋိဇီဝဆေးများဖြင့် ကုသ၍မရပါ။သို့ရာတွင် နောက်ဆက်တွဲဖြစ်ပေါ်လာသော ဘက်တီးရီးယား၊ နမိုးနီးယားတို့မှာမူ ပဋိဇီဝဆေးများဖြင့် ကုသ၍ရနိုင်ကြောင်း တွေ့ရှိရသည်။

ကမ္ဘာတစ်ဝန်းကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ပြင်ဆင်ထားမှုရှိပါသလား။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ သတိပေးချက် မကြာခဏထုတ်ပြန်ပြီး ပြင်ဆင်ထားကြရန် ညွှန်ကြားနေသည်မှာ နှစ်နှစ်ကျော် ကြာခဲ့ပြီဖြစ်သည်။ သို့ရာတွင် ယနေ့အချိန်အထိ အသေအချာကာကွယ်ရန် ပြင်ဆင်ထားသော နိုင်ငံ ၄၀ ခန့်သာရှိပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကုသဆေးကို မှာယူထားသော နိုင်ငံ ၃၀ ခန့်မျှသာ ရှိသည်။ ထိုနိုင်ငံတို့သည်လည်း လုံလောက်သော ဆေးအရေအတွက်ကို မရရှိသေးပါ။ ဆေးကုမ္ပဏီများက လိုအပ်သော ဆေးအရေအတွက်ကို ဖြည့်ဆည်းပေးရန် မည်သို့မျှ မတတ်နိုင်သော အခြေအနေတွင် ရှိနေသည်။ လက်ရှိအခြေအနေတွင် ဖွံ့ဖြိုးဆဲနိုင်ငံတို့မှာ ဤကာကွယ်ဆေးနှင့် ကုသဆေးများထွက်ပေါ်လာသည့်တိုင် လက်လှမ်းမမီသော အနေအထားတွင်ရှိနေသည်။ လူသားများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေး၊ သုတ်သင်ရှင်းလင်းရေးတွင် ပူးပေါင်းပါဝင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

အစားအစာများ ဘေးဥပဒ်ကင်းရေး စင်ကာပူတွင် အစီအစဉ်ချမှတ်

စင်ကာပူ ဧပြီ ၂၀

စင်ကာပူနိုင်ငံတွင် အစားအစာများ ဘေးဥပဒ်ကင်းရေး အစီအစဉ်တစ်ရပ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အစိုးရအထက်တန်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

စင်ကာပူနိုင်ငံသည် နိုင်ငံတကာက အသိအမှတ်ပြုထားသော အစားအစာ ဘေးဥပဒ်ကင်းရေး စီမံခန့်ခွဲရေးစနစ်နှင့်အညီ ယင်းအစီအစဉ်ကို စတင်ဆောင်ရွက်လျက်ရှိကြောင်း စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး လင်ဟန်ဘိုင်က ပြောကြားသည်။

လုပ်ငန်းများတိုးတက်

အစားအစာ ဘေးဥပဒ်ကင်းရှင်းရေး အစီအစဉ် အတိုင်ပင်ခံပုဂ္ဂိုလ်များက စင်ကာပူကုမ္ပဏီများနှင့်အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီများသည် အစားအစာ ဘေးဥပဒ်ကင်းရေး လက်တွေ့ကျင့်စဉ်များနှင့်အတူ လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်စေမည်ဖြစ်ကြောင်း လင်ဟန်ဘိုင်က အာရှစားနပ်ရိက္ခာနှင့် ဟိုတယ်လုပ်ငန်း ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

စင်ကာပူနိုင်ငံ၏ စားနပ်ရိက္ခာလုပ်ငန်းကို စနစ်တကျရှိရန်နှင့် ပိုမိုယှဉ်ပြိုင်လုပ်ကိုင်နိုင်စေရန် မိမိတို့ရည်ရွယ်ကြောင်း ၎င်းက ပြောကြားသည်။

စင်ကာပူနိုင်ငံရှိ စားနပ်ရိက္ခာထုတ်လုပ်ရေးကုမ္ပဏီ အရေအတွက် ၆၀ရာခိုင်နှုန်းခန့်မှာ အစားအစာဘေးဥပဒ်ကင်းရှင်းရေးအဖွဲ့၏ အသိအမှတ်ပြု ထောက်ခံချက်များရရှိထားသည်။

အစားအစာ ဘေးဥပဒ်ကင်းရှင်းရေး ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရာတွင် အထောက်အကူရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းများ

အီဂျစ်တွင် ဗုံးပေါက်ကွဲမှု မသင်္ကာသူ ၃၀ အား ထိန်းသိမ်းစစ်ဆေးနေ

ကိုင်ရို ဧပြီ ၃၀

အီဂျစ်နိုင်ငံ ပင်လယ်နီ ဒါဟက်ဘ်အပန်းဖြေစခန်းတွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ အီဂျစ်အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ မိမိတို့၏ စုံစမ်းစစ်ဆေးမှုများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် သင်္ကာမကင်းဖွယ်ရာ လူ ၃၀ကို ထိန်းသိမ်းကာ စစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။ အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းသည် ၁၈လတာကာလအတွင်း တတိယအကြိမ်ဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်

ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ချိန်မှစ၍ ရဲတပ်ဖွဲ့က သင်္ကာမကင်းသူများကို ထိန်းသိမ်းစစ်ဆေးခဲ့သည်။ ဆိုင်းနိုင်းကျွန်းဆွယ်ရှိ အပန်းဖြေစခန်းမြို့တွင် နွေဦးရာသီ အားလပ်ရက်အပန်းဖြေလာကြသော နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များနှင့် အီဂျစ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များကို ပစ်မှတ်ထားကာ အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။

ဒါဟက်ဘ်မြို့တွင် ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ၁၈ဦးထက်မနည်း သေဆုံးခဲ့ရသည်။ ***အင်တာနက်။***

တိုက်ချင်းပစ်ဒုံးကျည် ပါကစ္စတန် စမ်းသပ်မှု အောင်မြင်

အစ္စလမ္မာဘတ် ဧပြီ ၃၀

ပါကစ္စတန်နိုင်ငံသည် တိုက်ချင်းပစ်ဒုံးကျည်တစ်မျိုးကို စနေနေ့က စမ်းသပ်သည်။ ကီလိုမီတာ ၂၀၀၀အကွာအဝေးအထိ ရောက်ရှိအောင် ပစ်ခတ်နိုင်သော မြေပြင်မှ မြေပြင်ပစ်တိုက်ချင်းပစ် ဒုံးကျည်စမ်းသပ်မှုမှာ အောင်မြင်မှုရရှိကြောင်း စစ်ဘက်က ပြောကြားသည်။

ယခုစမ်းသပ်သော တိုက်ချင်းပစ် ဒုံးကျည်သည် ပါကစ္စတန်နိုင်ငံတွင် တည်ဆောက်သော ဒုံးကျည်များအနက် ခရီးတာ အဝေးဆုံး ပစ်ခတ်နိုင်သည့် ဒုံးကျည်ဖြစ်သည်။ ရှာဟင်း(၃) ဟူ၍ အမည်ပေးထားသော ယင်းဒုံးကျည်ကို အခြေခံ၍ အမျိုးအစားသစ်များ တီထွင်ဖော်ထုတ်လာနိုင်ပါက ကီလိုမီတာ ၂၅၀၀ အထိ ရောက်အောင်ပစ်ခတ်နိုင်သော ဒုံးကျည်များ ပေါ်ထွက်လာမည်ဟု မျှော်လင့်ရသည်။

ယခုစမ်းသပ်သော ဒုံးကျည်မှာ နှစ်ဆင့်ပေါက်လောင်စာခဲ အသုံးပြုသော ဒုံးကျည်တစ်မျိုးဖြစ်ပြီး နျူကလီးယား ထိပ်ဖူးများနှင့် သမားရိုးကျ ထိပ်ဖူး များကိုပါ သယ်ဆောင်နိုင်ပြီး ပစ်မှတ်ကိုထိမှန်အောင် ပစ်ခတ်နိုင်စွမ်းရှိသည့် ဒုံးကျည်သစ်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြီးခဲ့သော သီတင်းပတ်အတွင်းက ဗုံးပေါက်ကွဲ၍ လူ ၁၈ ဦး သေကာ ၈၀ ဒဏ်ရာရခဲ့သည့် အီဂျစ်နိုင်ငံ ပင်လယ်နီ ဒါဟက်ဘ်အပန်းဖြေစခန်းတစ်နေရာကို ဧပြီ ၃၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ ရထားလမ်းများ ပြုပြင်မွမ်းမံထိန်းသိမ်းမှုလုပ်ငန်း စတင်ဆောင်ရွက်

ပေကျင်း ဧပြီ ၃၀

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ ရထားလမ်းများ ပြုပြင်မွမ်းမံထိန်းသိမ်းမှုလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိကြောင်း ရထားလုပ်ငန်းဆိုင်ရာ တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ဘေဟဲမြို့မှ ဟီလောင်မြို့သို့ ဆက်သွယ်သော ရထားလမ်းပိုင်းကို ပြုပြင်မွမ်းမံခြင်းဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ရရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ဘေဟဲ-ဟီလောင် ရထားလမ်းပိုင်းသည် ၁၀၃ ဒသမ ၇ ကီလိုမီတာ ရှည်လျားပြီး တည်ရှိနေဆဲ ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ခြင်းနှင့် ရထားခရီးစဉ်များ တိုးတက်ပြေးဆွဲခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံသည် မြောက်ပိုင်း ဟေလုံကျန်းပြည်နယ်ရှိ မူဒန်ယန်းမြို့မှ နိုင်ငံတောင်ပိုင်း လျောင်နင်းပြည်နယ် ပင်လယ်ဆိပ်ကမ်းမြို့ကြီး ဖြစ်သော တလျံမြို့အထိ ဆက်သွယ်မည့်ရထားလမ်းကို ဖောက်လုပ်သွားရန် ဆုံးဖြတ်ထားသည်။ အဆိုပါ ရထားလမ်းသည် ၁၉၈၉ ကီလိုမီတာအရှည် ရှိမည်ဖြစ်ပြီး နိုင်ငံအလယ်ပိုင်းဒေသများကို ဖြတ်သန်းသွားမည်ဖြစ်သည်။

တရုတ်အစိုးရသည် ရထားလမ်း စီမံကိန်းသစ်များအတွက် ယွမ် ၁၂ ဒသမ ၇၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၇ ဘီလီယံ)ခန့် ကျခံသုံးစွဲသွားမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျာမနီနိုင်ငံ ဟေဆယ်လ်မြို့၌ ကျင်းပသည့် နိုင်ငံတကာ မုတ်ဆိတ် အလှပြိုင်ပွဲတွင် လေရဟတ် သဏ္ဌာန် မုတ်ဆိတ်ဖြင့် ပါဝင် ယှဉ်ပြိုင်သူ တစ်ဦးကို ဧပြီ ၃၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆိုမာလီပင်လယ် ကမ်းလွန်တွင် သင်္ဘောတစ်စင်း အပိုင်စီးခံရ

နိုင်ရိုဘီ ဧပြီ ၃၀

ဆိုမာလီနိုင်ငံ ပင်လယ်ကမ်းရိုးတန်းကမ်းလွန်ဒေသတွင် ပင်လယ်ကူးသင်္ဘောတစ်စင်း အပိုင်စီးခံရသည့်ဖြစ်ရပ် ထပ်မံပေါ်ပေါက်ကြောင်း ကင်ညာပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် အတည်ပြုပြောကြားသည်။

အပိုင်စီး

ဆိုမာလီ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ဒေသသည် ဓားပြများသောင်းကျန်းနေသည့် ရေလမ်းကြောင်းတစ်နေရာဖြစ်သည်။ နောက်ဆုံး ဓားပြတိုက်ခံရသည့် သင်္ဘောမှာ ကစ်မာယုမြို့သို့ ဦးတည်ခုတ်မောင်းနေသော သင်္ဘောတစ်စင်းဖြစ်ပြီး လက်နက်ကိုင်ဆောင်ထားသည့် သေနတ်သမားများက ကြာသပတေးနေ့တွင် သင်္ဘောကိုအပိုင်စီးခဲ့ကြောင်း၊ ယင်းသင်္ဘောကို ဟာရီရီဟီရီအမည်ရှိ ကမ်းရိုးတန်းမြို့ငယ်တစ်မြို့သို့ ခေါ်ဆောင်လာခဲ့ကြောင်း၊ ယင်းမြို့တွင် အခြားသော သင်္ဘောနှစ်စင်းကို ပင်လယ်ဓားပြများက ဖမ်းဆီးထားသည်ကို တွေ့ရှိရကြောင်း ကင်ညာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း ညှိနှိုင်းရေးမှူး အင်ဒရူးမောင်ဂူရာက ပြောကြားသည်။

အပိုင်စီးခံရသော သင်္ဘောပေါ်တွင် အင်ဒိုနီးရှားသင်္ဘောသားများပါရှိကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုနည်းသော ကားသစ်တစ်မျိုးကို အင်္ဂလန် အနောက်တောင်ပိုင်း ဘတ်သ်မြို့တွင် ဧပြီ ၃၀ ရက်က ပြသထားစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသ၌ သစ်တောပြုန်းတီးမှု တားဆီးရန် အက်ဖ်အေအိုတိုက်တွန်း

ကာရာကတ်စ် မေ ၃၀

သစ်တောပြုန်းတီးမှု တားဆီးရေးအတွက် ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်ကြရန် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို) ညွှန်ကြားရေးမှူးချုပ် ဂျက်ဒိုင်အော့က လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသရှိ နိုင်ငံများကို သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။

ကမ္ဘာ့သစ်တောမြေသည် ၁၉၉၀-၂၀၀၅ ခုနှစ်ကာလတွင် ဟက်တာ၁၂၅ သန်း လျော့နည်းသွားခဲ့ကြောင်း၊ ယင်းလျော့နည်းမှုပမာဏ၏ ၅၅ ရာခိုင်နှုန်းမှာ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတွင် ဖြစ်ပွားနေခြင်း ဖြစ်ကြောင်း အက်ဖ်အေအို၏ (၂၉)ကြိမ် မြောက် လက်တင်အမေရိကနှင့် ကာရစ်ဘီယံ ဒေသဆိုင်ရာညီလာခံအပြီးတွင် ဂျက်ဒိုင်အော့က သတင်းထောက်များကို ပြောကြားသည်။ ထိရောက်သည့် အစီအစဉ်တစ်ရပ် ရေးဆွဲကာ လက်ရှိအခြေအနေကို ပြုပြင်ရန် ဒေသတွင်းရှိ နိုင်ငံများကို ၎င်းကပန်ကြားလိုက်သည်။



ပြင်သစ်နိုင်ငံ တူးလုစ်-ဘလက်နက်လေဆိပ်တွင် စမ်းသပ်နေသော အဲဘတ်အေ ၃၈၀ လေယာဉ်ကို မေ ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပန်းတိုင်

ဇက်မွတ်ခေါင်းပါးသူဦးရေထက်ဝက် လျှော့ချရေးဟူသော ၂၀၁၅ ခုနှစ် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိရန် လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသသည် အခြေအနေ ကောင်းမွန်လျက်ရှိကြောင်း ဒိုင်အော့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝိတိုရိယ ရေအိုင်တွင် ကူးတို့သင်္ဘောနစ်မြုပ်

နိုင်ရိုဘီ မေ ၃၀

ဝိတိုရိယရေအိုင်တွင် ကူးတို့သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ကြောင်း၊ သေဆုံးသွားသည့် ခရီးသည်ဦးရေကို မသိရသေးကြောင်း တန်ဇန်းနီးယားနိုင်ငံ ရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

လူများသေဆုံးသည်ကိုသာ သိရကြောင်း၊ သတင်းအတိအကျကို မရရှိသေးကြောင်း တန်ဇန်းနီးယား နိုင်ငံရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂျူမာ အမ်တွန်းဝါက ဒါရက်ဆလမ်မြို့မှ တယ်လီဖုန်းဖြင့် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆိုက်ဘေးရီးယား-ပစိဖိတ်ရေနံပိုက်လိုင်းတည်ဆောက်မှု ရုရှားစတင်

မော်စကို မေ ၃၀

ရုရှားနိုင်ငံသည် ဆိုက်ဘေးရီးယား အရှေ့ပိုင်းမှ ပစိဖိတ်သမုဒ္ဒရာသို့ ရေနံပိုက်လိုင်း တည်ဆောက်မှုကို သောကြာနေ့တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း ပိုက်လိုင်းတည်ဆောက်ရေးကုမ္ပဏီက ဆိုက်ဘေးရီးယားဒေသရှိ အာကွတ်စ်မြို့တွင် ပြောကြားသည်။

ပထမဦးဆုံးသော ပိုက်လိုင်းနှစ်ခုတွဲကို ဂဟေဆော်ပြီးဖြစ်ကြောင်း လုပ်ငန်းဆောင်ရွက်သည့် ထရန့်စ်နက်ဖ်ကုမ္ပဏီမှ ကိုယ်စားလှယ်တစ်ဦး၏ပြောကြားချက်ကို ကိုးကားလျက် အီတာတာ့စ်သတင်းဌာနက ဖော်ပြသည်။

အာကွတ်စ်ဒေသ တိုင်ရှက်မြို့အနီးတွင် ပိုက်လိုင်းစတင်တည်ဆောက်ခဲ့သည်။ ယခုဆောင်ရွက်မှုမှာ လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်သော်လည်း လုပ်ငန်းပမာဏအများအပြား စတင်လိုက်သည့် သင်္ကေတဖြစ်ကြောင်း ထရန့်စ်နက်ဖ်၏ ကုမ္ပဏီခွဲဖြစ်သော အရှေ့ဆိုက်ဘေးရီးယား-ပစိဖိတ်သမုဒ္ဒရာ စီမံကိန်းဌာန ညွှန်ကြားရေးမှူးချုပ် အနာတိုလီဘက်ဇ်ဗာကော့ဖ်က ပြောကြားသည်။

အဆိုပါပိုက်လိုင်းကို တိုင်ရှက်မြို့မှ စတင်၍ ကီလိုမီတာ ၄၀၀၀ အရှည်ရှိ လမ်းတစ်လျှောက် တည်ဆောက်မည် ဖြစ်ပြီး ရုရှားနိုင်ငံကို အာရှ-ပစိဖိတ်ဒေသရှိနိုင်ငံများနှင့် ဆက်သွယ်ပေးမည့် ရေနံပိုက်လိုင်းဖြစ်သည်။ ရေနံပိုက်လိုင်း တည်ဆောက်မှုမှာ ၂၀၀၈ ခုနှစ် နှောင်းပိုင်းတွင် ပြီးစီးမည်ဖြစ်သည်။ စီမံကိန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့ရှိ ဇီဝလောင်စာ ထုတ်လုပ်ရေးစက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မေ ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားနိုင်ငံ ဆမ်ဆောင်း အီလက်ထရွန်းနစ်ပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော ၈၂လက်မ အယ်လ်စီဒီရုပ်မြင်သံကြားဖန်သားပြင်ကို မေ ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တွင် ဗုံးနှစ်လုံးပေါက်ကွဲ

ဘဂ္ဂဒက် မေ ၃၀

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် စနေနေ့က ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

မြို့တော်ဘဂ္ဂဒက်အလယ်ပိုင်းတွင် လုံခြုံရေးကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်များ ဖြတ်သန်းသွားရာနေရာအနီးတွင် စနေနေ့နံနက် ခုနစ်နာရီခွဲက လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိပြီး ရဲကားတစ်စီးပျက်စီးခဲ့ရကြောင်း၊ သီးခြားဖြစ်စဉ်တစ်ရပ်တွင် ဘဂ္ဂဒက် အနောက်တောင်ပိုင်းရပ်ကွက်များ၌ ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်များကို လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်ကို တန်ပြန်မည့် ကုန်သွယ်ရေးသဘောတူညီချက် လက်တင်အမေရိက ထုတ်ပြန်

ဟာဗားနား မေ ၃၀

အမေရိကန်နိုင်ငံက ထောက်ခံသော လွတ်လပ်စွာ ကုန်သွယ်ရေးစနစ် သဘောတူညီချက်၏ နေရာတွင် အစားထိုးနိုင်စေမည့် ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ကို ဘိုလီးဗီးယား၊ ဗင်နီဇွဲလားနှင့် ကျူးဘားတို့က သောကြာနေ့တွင် အတည်ပြုထုတ်ပြန်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်တင် အမေရိကနိုင်ငံများ၏ ကုန်သွယ်ရေး သဘောတူညီချက်သည် ဒေသဆိုင်ရာ နိုင်ငံများအတွင်း ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းဖြင့် အမေရိကန်က ထောက်ခံသော လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်ကို တန်ပြန်နိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အရှေ့ဥရောပတွင် စစ်စခန်းမဖွင့်ရန် အမေရိကန်ကို ရုရှားသတိပေး

မော်စကို မေ ၃၀

အရှေ့ဥရောပဒေသတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ ကမကထပြုမှုဖြင့် စစ်အခြေစိုက်စခန်းများ ဖွင့်လှစ်နိုင်ရန် အမေရိကန်က စီစဉ်ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်မှုရှိနိုင်ကြောင်း၊ ယင်းလုပ်ရပ်ကြောင့် စစ်အေးခေတ်နောက်ပိုင်း ဆက်ဆံရေးပြန်လည်တိုးတက်လာသော မိမိတို့ နှစ်နိုင်ငံအကြား ယုံကြည်မှုများ ပိုမိုပေါ်ပေါက်လာစေနိုင်ကြောင်း ရုရှားအမတ်တစ်ဦးက စနေနေ့တွင် ပြောကြားသည်။

တည်ငြိမ်မှုကင်းမဲ့နိုင်

အရှေ့ဥရောပတွင် အမေရိကန်စစ်စခန်းများ ဖွင့်လှစ်မည်ဆိုပါက ယင်းဒေသတွင် တည်ငြိမ်မှုကင်းမဲ့လာနိုင်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံစလုံးသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များကို ဖျက်သိမ်းနိုင်ရန် ကြိုးပမ်းနေချိန်၌ အရှေ့ဥရောပတွင် စစ်စခန်းများ မဖွင့်လှစ်သင့်ကြောင်း ရုရှားစတိတ် ဒူးမားခေါ် အောက်လွှတ်တော်၏ လွတ်လပ်သောနိုင်ငံများ ဓနသဟာယ ကော်မတီဥက္ကဋ္ဌ အင်ဒရေကိုကိုရှင်က ဝေဖန်ပြောကြားသည်။

ထိခိုက်ပျက်ပြား

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့က ဥရောပအရှေ့ပိုင်း နိုင်ငံများဘက်သို့ အင်အားတိုးချဲ့ရေး အစီအစဉ်အရ စစ်စခန်းများ ဖွင့်လှစ်မည်ဆိုပါက နိုင်ငံတကာလုံခြုံရေး ထိခိုက်ပျက်ပြားလာနိုင်ကြောင်း ကိုကိုရှင်က ပြောကြားသည်။

အမေရိကန်၏ ဆောင်ရွက်ချက်သည် ရုရှားလူ့ဘောင်အတွင်း မလိုလားမှုများနှင့် ရင်ဆိုင်လာရနိုင်ကြောင်း ရုရှားနိုင်ငံသာမက ကမ္ဘာ့နိုင်ငံ များကလည်း ဒေသဆိုင်ရာ တည်ငြိမ်မှု ပျက်ပြားစေမည့် အမေရိကန်၏ အစီအစဉ်ကို လက်ခံနိုင်မည် မဟုတ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အာရှဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးတက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသို့ ထွက်ခွာ

ရန်ကုန် မေ ၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၃ရက်မှ ၆ရက်အထိ အိန္ဒိယသမ္မတနိုင်ငံ ဟိုက်ဒရာဘတ်မြို့၌ ကျင်းပမည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ (၃၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွင့်တို့ လိုက်ပါသွားသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အိန္ဒိယသမ္မတ နိုင်ငံ ဟိုက်ဒရာဘတ်မြို့တွင်ကျင်းပမည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ (၃၉)ကြိမ် မြောက် နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်မှထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(ဘဏ္ဍာ/အခွန်)

အိန္ဒိယသမ္မတနိုင်ငံ Naval Higher Command Course မှ သင်တန်းသား လေ့လာရေးအဖွဲ့ဝင်များ တပ်မတော်ဆေးတက္ကသိုလ်၌ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

မဇ္ဈိမဒေသဗုဒ္ဓဂယာတွင် သာသနာပြုကုသိုလ်ယူနိုင်

ရန်ကုန် မေ ၁

ဗုဒ္ဓဂယာကျောင်းဝင်းသည် တစ်ဧကခန့်သာကျယ်ဝန်းပြီး မြန်မာနိုင်ငံမှ မဇ္ဈိမဒေသဘုရားဖူးများပြားသောအချိန်တွင် တည်းခိုရန်အခက်အခဲများရှိရာ ယခုအခါအဆိုပါကျောင်းတွင် သီတင်းသုံးနေတော်မူသည့် အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ ဉာဏိန္ဒဆရာတော်ကြီးသည် ကျောင်းနှင့်ကပ်လျက် မြေနှစ်ဧကကို အလှူခံယူခွင့်ရရှိထားသည်။

ဘုရားပွင့်တော်မူရာ မြေမြတ်တွင် သာသနာပြု ကုသိုလ်ယူနိုင်ရန်အတွက် အလှူရှင်များအနေဖြင့် တစ်ပေပတ်လည် မြေတစ်ကွက်လျှင် ကျပ်၂၀၀၀ နှုန်းဖြင့် မြန်မာနိုင်ငံ ဗုဒ္ဓဂယာမြန်မာကျောင်း၊ ကျောင်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်း၊ (ဒဂုံစင်တာနှင့် ကျောချင်းကပ်လျက်) ဖုန်း-၅၃၇၅၉၇၊ ၇၂၆၁၃၉၊ ဒေါ်မြမြလေး၊ (ဒီပါအေးမြတိုက်) ၂၄/၆၄ ထောင့်၊ မဟာဇေယျာဘုံရပ်၊ မန္တလေးမြို့ ဖုန်း-၀၂-၃၄၄၅၈၊ ၀၂-၃၉၃၈၈၊ ဆရာတော် ဦးနန္ဒိယ၊ တိလောကာရုံကျောင်း၊ ရွှေတောင်မြို့၊ ပဲခူးတိုင်း ဖုန်း-၀၅၃-၂၄၂၂၂၊ ဆရာတော် ဦးပဏ္ဍဝံသ (အောင်ဇမ္ဗူ) အောင်ဇမ္ဗူ ပရိယတ္တိစာသင်တိုက် မုပွန်ရပ် မော်လမြိုင်မြို့၊ မွန်ပြည်နယ် ဖုန်း-၀၅၇-၂၄၂၉၉၊ ဦးစိုးပိုင် အမှတ်(၂၈) မရမ်းချိုလမ်း ရယက (၅) ပုသိမ်မြို့ ဧရာဝတီတိုင်း ဖုန်း-၀၄၂-၂၄၄၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

အိန္ဒိယ လေ့လာရေးအဖွဲ့ ရန်ကုန်မြို့၌ လှည့်လည်လေ့လာ

ရန်ကုန် မေ ၁

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်မှ Naval Higher Command Course မှ သင်တန်းသား ၂၆ဦးတို့ ပါဝင်သော လေ့လာရေးအဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopraတို့လိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ ဓနသဟာယ စစ်သချႋုင်း ကော်မရှင်(ထောက်ကြန့်)သို့ ရောက်ရှိကြရာ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းနောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များအား ဓနသဟာယစစ်သချႋုင်းကော်မရှင်(ထောက်ကြန့်)မှ Regional Manager ဦးအော်စကာက လိုက်လံရှင်းလင်းပြသပြီး လေ့လာရေးအဖွဲ့ဝင်များသည် ကျဆုံးလေပြီးသော အရာရှိ၊ စစ်သည်များအား ပန်းခြင်းချ၍ အလေးပြုကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် နံနက်၁၁နာရီ မိနစ် ၂၀တွင် တပ်မတော် ဆေးတက္ကသိုလ်သို့ ရောက်ရှိကြရာ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်မင်းသိန်းနှင့် ပါမောက္ခများ၊ ဌာနမှူးများနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များအား ညွှန့်ခန်းမ၌ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်မင်းသိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တပ်မတော်ဆေးတက္ကသိုလ်နှင့်စပ်လျဉ်း၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် လေ့လာရေးအဖွဲ့ ခေါင်းဆောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပါမောက္ခချုပ် ဗိုလ်မှူးချုပ်မင်းသိန်းနှင့် လေ့လာရေးအဖွဲ့ ခေါင်းဆောင်တို့သည် အထိမ်းအမှတ်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ်၌ စာပေသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲ၁နာရီခွဲတွင်ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး တပ်မတော် စစ်သမိုင်းပြတိုက်နှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားကြသည်။

ယင်းနောက်လေ့လာရေးအဖွဲ့ဝင်များသည် တပ်မတော် စစ်သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်အား လှည့်လည်ကြည်ညိုကြပြီး ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ဒဂုံအလက(၂) ကျောင်းသားကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁

ဒဂုံမြို့နယ် အလက(၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဒဂုံအလက(၂)ကျောင်း ဒဂုံသုရိန်ခန်းမ၌ ယနေ့နံနက် ၉နာရီက ကျင်းပရာ အသက်(၆၀)အထက် ဆရာ၊ဆရာမ ၄၀၊ အသက်(၆၀)အောက် ဆရာ၊ ဆရာမ ၄၀ စုစုပေါင်း ဆရာ၊ ဆရာမ ၈၀တို့ အပူဇော်ကန်တော့ခံကြသည်။

အခမ်းအနားသို့ ၁၉၇၂ ခုနှစ်နှင့် ၁၉၈၁ ခုနှစ် ကျောင်းသားဟောင်းများအပြင် မျိုးဆက်သစ် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ၁၉၉၈-၁၉၉၉ ကျောင်းသားဟောင်းကိုကျော်လင်းထက်က ဆောင်ရွက်ပြီး မြတ်ဆရာပူဇော်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ၁၉၇၂ခုနှစ်မှ ၁၉၈၁ခုနှစ် ကျောင်းသားဟောင်း သီရိသုခမ္မ မဏိဇောတရေ သီတဂူကိုနိုင်ဦး(မိဘရိပ်)က ရှင်းလင်းပြောကြားသည်။

ယင်းနောက် အသက်(၆၀)ပြည့်ပြီး အငြိမ်းစားကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမတို့အား ပူဇော်ကန်တော့ကြရာ ဆရာကြီး ဦးဝေလင်းက ဆုပေးစကား ပြောကြားသည်။ ဆရာကြီး ဦးဝေလင်းက မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေး ကြိုးပမ်းခဲ့သော ကျောင်းသားဟောင်း ကိုနိုင်ဦး(မိဘရိပ်)အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးဒေါ်စန်းတင့်က ဆုပေးစကားပြောကြားပြီး ကျောင်းသားဟောင်း ဦးတင်အေးနှင့် မျိုးဆက်သစ်ကျောင်းသူ ဒေါက်တာသူသူမောင်မောင်ညွှန့်တို့က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ကြေးမုံ)

ဒဂုံမြို့နယ် အလက(၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဒဂုံအလက(၂) ကျောင်းခန်းမ၌ ကျင်းပရာ ၁၉၇၂ ခုနှစ်နှင့် ၁၉၈၁ ခုနှစ် ကျောင်းသားဟောင်း သီရိသုခမ္မမဏိဇောတရေ သီတဂူကိုနိုင်ဦး(မိဘရိပ်)ကမြတ်ဆရာပူဇော်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

(ကြေးမုံ)

သိန်း ၅၀၀ကံထူးရှင် ရွေးချယ်ပွဲ ကျင်းပ

ရန်ကုန် မေ ၁

(၂၀၈)ကြိမ်မြောက် ကျပ်သိန်း၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း (၅၀၀)အထူးဆု

၀-၂၅၄၅၈၁

ကျပ်သိန်း(၃၀၀)ဆုများ

ဌ-၅၈၆၄၇၅
မ-၁၂၀၃၆၀

ကျပ်သိန်း(၂၀၀)ဆုများ

င-၁၂၇၄၆၃
စ-၂၇၈၅၅၃
ဈ-၄၀၉၅၃၉
က-၄၁၁၁၇၁

ကျပ်သိန်း(၁၀၀)ဆုများ

ပ-၃၂၇၅၀၂
တ-၄၉၆၁၂၀
ဓ-၈၅၀၁၇၄
ဌ-၅၆၁၈၂၅
ခ-၈၇၄၇၁၀
က-၉၈၂၇၁၀
င-၈၄၈၂၉၀
ဌ-၃၆၁၂၂၄
က-၄၈၆၈၇၇
ဏ-၂၉၄၈၀၇
ပ-၇၀၂၈၅၅
ထ-၄၅၉၀၂၀
တ-၄၉၉၀၆၈
ည-၁၅၉၁၁၅
စ-၅၄၆၉၃၂

ကျပ်သိန်း(၁၀၀)ယူနစ် (မင်္ဂလာစုံတွဲ)ဆုများ

န-၄၀၁၃၅၆
မ-၁၂၃၈၈၃
ဆ-၅၅၀၀၄၅
လ-၉၂၀၄၇၄
ပ-၃၃၄၅၁၆
န-၉၇၂၈၈၈
ခ-၅၁၁၀၅၈
က-၄၈၆၄၅၈
ဘ-၆၆၆၇၅၄
ဃ-၃၀၁၈၃၉
ဒ-၉၅၀၂၃၀
တ-၁၁၄၈၀၈
င-၇၅၉၂၅၁
ပ-၆၁၇၃၄၉
ဍ-၁၁၁၉၁၉
စ-၇၈၇၆၁၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေးအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေးအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေးအခမ်းအနားကို ဧပြီ ၂၉ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါဖွဲ့စည်းရေးအခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါး၊ ပုစွန်အစာ ထုတ်လုပ်ရောင်းဝယ်သူများအသင်း၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ကဏန်းလုပ်ငန်းရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ တက်ရောက်ကြ သည်။

ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်က အမှာစကား ပြောကြားသည်။

ယင်းနောက်မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကြီးငွေကဥက္ကဋ္ဌ ဦးမောင်မောင်စိုး (ဒါရိုက်တာ အဏ္ဏဝါရေလုပ်ငန်းဦးပိုင်လီမိတက်) ပါဝင်သော မြန်မာနိုင်ငံ ပင်လယ် ငါးဖမ်းလုပ်ငန်းရှင်များ အသင်း အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ်ကြောင်း ကြေညာသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် အသင်းရန်ပုံငွေအတွက် အဏ္ဏဝါရေလုပ်ငန်း ဦးပိုင်လီမိတက်က ငွေကျပ်သိန်း ၅၀၊ MMG ကုမ္ပဏီလီမိတက်နှင့် အဏ္ဏဝါလွှမ်း ကုမ္ပဏီတို့က ငွေကျပ်သိန်း ၃၀စီ၊ အဏ္ဏဝါအောင် ကုမ္ပဏီနှင့် စံပြရွှေငါးကုမ္ပဏီတို့က ငွေကျပ်သိန်း ၂၀စီ၊ ဆင်မင်းဆိပ်ကမ်း၊ ပြည်အောင်ရတနာ ကုမ္ပဏီလီမိတက်၊မြန်မာမန်းအုပ်စု အထွေထွေရောင်းဝယ်ရေးနှင့် Great International Co. Ltd. တို့က ငွေကျပ် ၁၅ သိန်းစီ၊ Wings International Trading Co. Ltd.၊ ရွှေယမုံ ထုတ်လုပ်ရေးကုမ္ပဏီ၊ အာရှကြီးပွားတိုးတက်ရေး ကုမ္ပဏီ၊ Yuzana Fisheries Co. Ltd. နှင့် Myanmar Seafood Co. Ltd. တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးတီတိုး၊ ၂၀၀၀ ရာစု ရေလုပ်ငန်းကုမ္ပဏီ၊ YFD၊ MHD၊ YQL၊ Sun MyanmarCo.၊ မေယု(ကိုအောင်နိုင်)၊ Belle Myanmar Enterprise၊ T.T.T Co. နှင့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့က ငွေကျပ်ငါးသိန်းစီ၊ ပြည့်ဖြိုးထွန်းကုမ္ပဏီ၊ ဦးကျော်အေး (AAA Co)နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့က ငွေကျပ်သုံးသိန်းစီ စုစုပေါင်း ငွေကျပ် ၃၁၉သိန်းကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသော မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်း လုပ်ငန်းရှင်များ အသင်း အလုပ်အမှုဆောင်များကိုယ်စား ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းနှင့်မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်တို့ထံ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်း လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးက အသင်းဖွဲ့စည်းရေး အထိမ်းအမှတ်အလံများကိုပေးအပ်ပြီး ဖွဲ့စည်းရေးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံတွင် ပင်လယ်ပြင်သို့ ထွက်၍ ငါးဖမ်းဆီးသည့် ငါးဖမ်းရေယာဉ်ကမ်းဝေး ၁၈၈၇စီးနှင့် ကမ်းနီး ၂၃၉၅၄စီး တို့ရှိပြီး အဆိုပါအင်အားစုကို နိုင်ငံတော်၏ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသားများ၏ ငါးရိက္ခာဖူလုံစေရေးနှင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေရေး ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်း လုပ်ငန်းရှင်များအသင်းကို စည်းရုံးဖွဲ့စည်းရခြင်းဖြစ်သည်။ အဆိုပါအသင်းဖွဲ့စည်းနိုင်ခြင်းကြောင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် နိုင်ငံတော်၏ ရေလုပ်ငန်းနှင့် ဆက်စပ်နေသည့် ကဏ္ဍအားလုံးကို အမျိုးသား စီးပွားရေးအင်အားစုကြီး တစ်ရပ်အဖြစ် စုစည်းနိုင်ခဲ့ပြီဖြစ်သည်။ (သတင်းစဉ်)

အောင်မြေရတနာကျောင်းကြီး ရေစက်ချမင်္ဂလာကျင်းပမည်

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း(၃)လမ်း သုခမ္မာကျောင်းတိုက်ကြီးအတွင်း၌ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမ (မဟာပဋ္ဌာန်း ဆရာတော်)၏ တတိယမြောက် အောင်မြေရတနာ သုံးထပ် ကျောင်းတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာကို ၁၃၆၈ ခုနှစ် ကဆုန်လဆန်း ၁၁ ရက် မေ ၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ အောင်မြေရတနာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် လှူဒါန်းခဲ့ကြသော ဒါယကာ၊ ဒါယိကာမများတို့သည် ဖိတ်စာမရောက်ရှိပါကလည်း တက်ရောက်ကြပါရန် ကျောင်းဖြစ်မြောက်ရေးကော်မတီမှ နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ပဉ္စမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(အိုင်စီတီ) ရက်သတ္တပတ် (၂၀၀၆) အထိမ်းအမှတ်ပြပွဲကို တပ်မတော်ခန်းမ၌ ဆက်လက်ပြသရာ ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ်အထိမ်းအမှတ်ပြပွဲ အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် စီစဉ်ကျင်းပသည့် ပဉ္စမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ(အိုင်စီတီ) ရက်သတ္တပတ်(၂၀၀၆) အထိမ်းအမှတ်ပြပွဲကို ယနေ့တွင် နံနက်ပိုင်းမှ ညနေပိုင်းအထိ နောက်ဆုံးနေ့အဖြစ် ခင်းကျင်းပြသရာ အိုင်စီတီနည်းပညာကို စိတ်ပါဝင်စားသူ ရဟန်းရှင်လူပြည်သူများလာရောက်ကြည့်ရှုလေ့လာ ဝယ်ယူကြသူများဖြင့် အထူးစည်ကားလှပြီး ညနေပိုင်းတွင် ပြပွဲအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ခင်းကျင်းပြသရောင်းချပေး

ပြပွဲတွင် ကုမ္ပဏီပေါင်း ၇၉ခုက ပြခန်းပေါင်း ၁၅၀ကို ဖွင့်လှစ်ပြသထားသည့်အနက်မှ MMG Technologies ပြခန်း၌ Video Conferencing System ကို Software နှင့် Hardware တို့ဖြင့် ချိတ်ဆက်အသုံးပြုပုံ၊ Live Video Conferencing ကို Wireless System ဖြင့် ပြခန်းအတွင်း၌ အသုံးပြုနိုင်ပုံ စသည်တို့ကို ခင်းကျင်းပြသ ထားပြီး View Sonic ပြခန်း၌ Monitor အမျိုးမျိုး၊ Projector အမျိုးမျိုး၊ Video Processor များ၊ Optical Mouse များနှင့် Keyboard များစသည့် ကွန်ပျူတာနှင့် ဆက်စပ် ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။

အလားတူ ပြခန်းအသီးသီးကလည်း အိုင်စီတီ နည်းပညာဆိုင်ရာ ဆက်စပ်ပစ္စည်းများကို ပြပွဲကာလအတွင်း အထူးဈေးနှုန်းဖြင့် ပြသရောင်းချပေးလျက်ရှိရာ လာရောက်ကြည့်ရှုလေ့လာဝယ်ယူသူများဖြင့် အထူးစည်ကားလှသည်။ (သတင်းစဉ်)

ကြည့်ရှု

မေ ၁ ရက်က တပ်မတော်ခန်းမ၌ ခင်းကျင်းပြသသည့် ပဉ္စမအကြိမ် မြန်မာ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ) ရက်သတ္တပတ်(၂၀၀၆) အထိမ်းအမှတ်ပြပွဲတွင် Creative Web Studio ပြခန်းအား ပရိသတ်များ ကြည့်ရှုစဉ်။
(ဓာတ်ပုံ-Myanmar Info-Tech)

စိန်ရတုဝိဇ္ဇာတမင်္ဂလာနှင့် ဂုဏဝိသိဋ္ဌပူဇော်ပွဲ

ရန်ကုန် မေ ၁

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် သဒ္ဓမ္မဝံသ မဟာစည်သာသနာ့ရိပ်သာ ပဓာန နာယကဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုမန၏ သက်တော်(၇၅) နှစ်ပြည့် စိန်ရတုဝိဇ္ဇာတမင်္ဂလာနှင့် ဂုဏဝိသိဋ္ဌပူဇော်ပွဲကို ၁၃၆၈ ခု ကဆုန်လဆန်း ၁၁ ရက် မေ ၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်၍ တပည့်ဒါယကာ၊ ဒါယိကာမများ ဖုန်း-၆၉၀၆၀၄ သို့ ဆက်သွယ်လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

ရောဝတီတိုင်းအတွင်း လေဘေးဒဏ်သင့် အိမ်ထောင်စုများအား အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုဌာနချုပ်က ဆန်အိတ် ၁၀၀ နှင့် ထောက်ပံ့အလှူငွေကျပ် သိန်း ၂၀ ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အတွင်းရေးမှူးတို့သည် ငွေဆောင်ကမ်းခြေအပန်းဖြေ စခန်းသို့ ရောက်ရှိကြပြီး ဟိုတယ်များ၏ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကမ်းခြေတစ်လျှောက်ရှိ ဟိုတယ်နှင့် တည်းခိုခန်းများ၏ လေပြင်းတိုက်ခိုက်ခံရမှုကြောင့် ပျက်စီးမှု အနည်းငယ်ရှိခဲ့မှု အခြေအနေနှင့် ပြုပြင်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ တိုင်းမှူးနှင့် အတွင်းရေးမှူးတို့သည် ငွေဆောင်ကမ်းခြေတစ်လျှောက်၌ ၁၈ပေအကျယ်၊ ၉လက်မထုရှိ ကွန်ကရစ်ကားလမ်းကို လုပ်ငန်းရှင်များက စုပေါင်းတာဝန်ယူ လမ်းခင်းဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ငွေဆောင်မြို့တစ်လျှောက်ရှိ လမ်းပိုင်းအခြေအနေများနှင့် ငွေဆောင်မြို့အတွင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အတွင်းရေးမှူးတို့သည် ပုသိမ်မြို့သို့ ရောက်ရှိကြပြီး ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ တိုင်းအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ အသင်းကြီး၏ အမျိုးသားရေးမူဝါဒနှင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

လက်ခံ

ယင်းနောက် ဧရာဝတီတိုင်းအတွင်း လေဘေးဒဏ်သင့် အိမ်ထောင်စုများအား အလှူငွေနှင့်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုဌာနချုပ်က ဆန်အိတ် ၁၀၀နှင့် ထောက်ပံ့အလှူငွေကျပ်သိန်း ၂၀ တို့ကို အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်ကလည်းကောင်း၊ ထူးထရိတ်ဒင်းကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက အလှူငွေကျပ် ၁၀သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က လက်ခံကြသည်။

(သတင်းစဉ်)

ပြည်နယ်/ တိုင်း အသက်(၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းက မန္တလေးတိုင်းကို အနိုင်ရဗိုလ်စွဲ

ရန်ကုန် မေ ၁

၂၀၀၆ခုနှစ် (၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး အနိုင်ရ ဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တိုင်းအသင်း နှစ်ဂိုး။
(ကျော်ဇေယျ)
မန္တလေးတိုင်းအသင်း ဂိုးမရှိ။
အကောင်းဆုံးဆု
မျိုးကျော်(ရန်ကုန်တိုင်း)
ဒိုင်လူကြီး ဦးဝင်းညွန့်။

ရန်ကုန်တိုင်းအသင်းမှာ လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းကို ခြေအသာ၊ ဂိုးအသာဖြင့် အနိုင်ယူပြီး ချန်ပီယံဆုကြီးကို ဆွတ်ခူးရရှိသွားသည်။ မန္တလေးတိုင်းအသင်းမှာ လက်ရှိချန်ပီယံဆုကြီးကို ထိန်းသိမ်းနိုင်ရန် ကြိုးစားသော်လည်း ပွဲစဉ်တစ်လျှောက် ခြေစွမ်းပြလာသည့် ရန်ကုန်တိုင်းအသင်းကို အနိုင်မကစားနိုင်ခဲ့၍ ချန်ပီယံဘွဲ့ကို စွန့်လွှတ်ခဲ့ရပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

ရန်ကုန်တိုင်းအသင်းအတွက် အနိုင်ဂိုးများကို ကျော်ဇေယျတစ်ဦးတည်းက ၂၁ မိနစ်နှင့် ၅၈ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်အောင်က ဗိုလ်လုပွဲ အကောင်းဆုံးဆုရ မျိုးကျော်(ရန်ကုန်တိုင်း)အား ဆုကြေးငွေကျပ် ငါးသောင်းကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက ပူးတွဲတတိယဆုရ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းအား ဆုကြေး ကျပ်တစ်သိန်းစီကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက ဒုတိယဆုရ မန္တလေးတိုင်းအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးမြင့်က ပထမဆုရ ရန်ကုန်တိုင်းအသင်းအား တစ်ဦးချင်းဆုတံဆိပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပွဲစဉ်တစ်လျှောက် နေရာလိုက် အကောင်းဆုံးဆုရရှိကြသော ဂိုးသမားဆုရ ကောင်းဆက်တင် (မန္တလေးတိုင်း)၊ နောက်တန်းဆုရ မျိုးကျော်(ရန်ကုန်တိုင်း)၊ အလယ်တန်းဆုရ ဖြိုးမောင်မောင်ကျော်(ရန်ကုန်တိုင်း)၊ ရှေ့တန်းဆုရ တင်ဖြိုးသူ(မန္တလေးတိုင်း)၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုရ ကျော်မြင့်ထွန်း ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့အား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အသန့်ရှင်းဆုံးအသင်းဆုရ ရန်ကုန်တိုင်းအသင်းအား အသန့်ရှင်းဆုံးဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်က ပထမဆုရ ရန်ကုန်တိုင်းအသင်းအား ချန်ပီယံဆုဖလားနှင့် ဆုကြေးကျပ် သုံးသိန်း ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် အနိုင်ရဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအသင်းအား ချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

(၉)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အသက်(၁၃)နှစ်အောက် ချန်ပီယံ ရန်ကုန်တိုင်း ဘောလုံးအသင်းအား တွေ့ရစဉ်။ (ကြေးမုံ)

ခေါင်းဆောင်များအတွက် မိမိကိုယ်မိမိ စီမံခန့်ခွဲမှုစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁

ဗိုလ်ချုပ်အောင်ကြည် ရေးသားသော **"ခေါင်းဆောင်များအတွက် မိမိကိုယ်မိမိ စီမံခန့်ခွဲမှု"** စာအုပ် **(ယာပုံ)**ကို စာအုပ်ဆိုင်များသို့ ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါစာအုပ်တွင် မိမိကိုယ်မိမိ စီမံခန့်ခွဲမှု၊ အချိန်စီမံခန့်ခွဲမှု၊ အသိပညာ စီမံခန့်ခွဲမှု၊ လူသားအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် စွန့်စားမှု စီမံခန့်ခွဲခြင်းဟူ၍ အပိုင်းငါးပိုင်း ခွဲခြားဖော်ပြထားသည်။

လူသားအရင်းအမြစ် စီမံခန့်ခွဲမှုသည် သာမန်ဆင်ခြင်တုံတရားဖြင့် မည်သူမဆိုလုပ်နိုင်သော အလုပ်ဟု ထင်စရာရှိသော်လည်း လူမှန်၊ နေရာမှန် မည်မျှအရေးကြီးပုံ၊ မည်သို့ စီမံခန့်ခွဲသင့်ပုံ၊ စီမံခန့်ခွဲမှု နည်းလမ်းများ၊လုပ်ငန်းစဉ်များကို အတွေ့အကြုံနှင့်ပေါင်းစပ်၍ ရေးသားဖော်ပြထားသော စာအုပ်ဖြစ်သည်။ ဂူဖရီးစက္ကူဖြူဖြင့် ပုံနှိပ်ထားပြီး စာမျက်နှာ ၁၉၀ ကျော် ပါဝင်ကာ ရောင်းဈေးမှာ ကျပ် ၉၀၀ ဖြစ်သည်။

(သတင်းစဉ်)

အားကစားမြှင့်တင်၊ စိတ်လန်းရွှင်၊ ဆန့်ကျင်မူးယစ်ဆေး

✻ ကန်တော်ကြီးမှ

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းက ရေကူးကန်နှင့် အပန်းဖြေစခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်ပရိသတ်များသည် အပန်းဖြေစခန်းနှင့် ရေကူးကန်ဝင်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကန်တော်ကြီး ရေကူးကန်သည် အလျား ၃၂မီတာ၊ အနံ ၁၇ ဒသမ ၃ မီတာနှင့် အနက် ကိုးပေမှ သုံးပေထိရှိသည့် ရေဂါလန် ၁၇၀၀၀၀ ဆံ့ ရေကူးကန်ဖြစ်သည်။ ရေကူးကန်အနီး၌ အလျား ၂၄၆ပေ၊ အနံ ၆၆ပေရှိ နှစ်ထပ်အဆောက်အအုံ တစ်လုံးတည်ရှိပြီး မြေညီထပ်၌ အဝတ်လဲခန်း၊ အားကစားခန်းမ၊ Coffee Shop နှင့် ပထမထပ်၌ လူ ၇၀၀ ဆံ့ ဘက်စုံသုံးခန်းမတို့ပါရှိကာ မိသားစု၊ အသင်းအဖွဲ့အလိုက် ချမ်းမြေ့ပျော်ရွှင်စွာ လာရောက်အပန်းဖြေနိုင်ကြောင်းနှင့် ရေကူးသင်တန်းများကိုလည်း ဖွင့်လှစ်လျက်ရှိသည်။

(သတင်းစဉ်)

❋ တိုင်းရင်းသားမှ

နုတ်ထွက်ရန် စဉ်းစားခဲ့ဖူးကြောင်း၊ ယခုအခါ ပါတီလုပ်ငန်းတာဝန်များနှင့် ကင်းကွာနေပြီး ဆက်လက်၍ တာဝန်ထမ်းဆောင်လိုခြင်း မရှိတော့သဖြင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ဗဟိုကော်မတီဝင်အဖြစ်နှင့် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်းကို ဧပြီ ၇ ရက်တွင် ကျောက်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးသို့လည်းကောင်း၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ဗဟိုအလုပ်အမှုဆောင် (စည်းရုံးရေးမှူး) တာဝန်မှလည်းကောင်း နုတ်ထွက်ကြောင်းကို ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(ရန်ကုန်မြို့)သို့လည်းကောင်း အကြောင်းကြားစာများ ပေးပို့နုတ်ထွက်ခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် ဦးစိုင်းဖ(ခေါ်) ဦးစိုင်းလှဖေသည် ၎င်း၏ကိုယ်တိုင် ဆန္ဒသဘောထားအလျောက် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ဧပြီ ၃၀ ရက်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် (ရန်ကုန်မြို့)သို့ ကိုယ်တိုင်နုတ်ထွက်လွှာပေးပို့ နုတ်ထွက်ခဲ့ကြောင်း သိရှိရသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ပေးပို့သော ဦးစိုင်းဖ(ခေါ်) ဦးစိုင်းလှဖေ၏ နုတ်ထွက်လွှာတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)အနေဖြင့် အမျိုးသားညီလာခံကို ကျောခိုင်းခဲ့သည့် နောက်ပိုင်းမှစ၍ ၎င်း၏သဘောထားနှင့် မတိုက်ဆိုင်တော့သည့်အတွက် ပါတီ၏လုပ်ငန်းတာဝန်များကို စိတ်ဝင်စားမှုမရှိတော့ဘဲ ပါတီလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မှု မရှိတော့ပါကြောင်း၊ ၎င်းသည် ပါတီလုပ်ငန်းတာဝန်များနှင့် ကင်းကွာနေပြီး SNLD ၌ ဆက်လက်၍ တာဝန်ထမ်းဆောင်လိုစိတ် မရှိတော့သဖြင့် SNLD ဗဟိုကော်မတီဝင်အဖြစ်မှ လည်းကောင်း၊ ပါတီတာဝန်များမှလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း နုတ်ထွက်ပါကြောင်း၊ ၎င်းသည်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး ပြည်ထောင်စုမပြိုကွဲရေးဟူသော အချက်သည် အဓိကကျသည်ဟု ခံယူပါကြောင်း၊ ၎င်းအနေဖြင့် ဆက်လက်ကျင်းပနေသော အမျိုးသားညီလာခံကြီးအား ထောက်ခံပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

● NLDမှ

အဆင့်အတန်းမြင့်မားတိုးတက်လာစေရေး ဆောင်ရွက်ရန် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)အနေဖြင့် နယ်မြေဒေသကို ဦးဆောင်လမ်းပြနိုင်မှုမရှိခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအပိုင်း၊ တည်ဆောက်ရေးလုပ်ငန်းများအပိုင်းတို့တွင် မှန်ကန်သည့် လမ်းညွှန်မှုများ ပေးနိုင်မှုမရှိသည်ကို တွေ့လာရပါကြောင်း၊ အထူးသဖြင့် နိုင်ငံတော်အစိုးရက တိုင်းပြည်နှင့် လူမျိုးအတွက် အမှန်တကယ်ဆောင်ရွက်ပေးနေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၎င်းတို့အနေဖြင့် မျက်ဝါးထင်ထင် တွေ့မြင်ရပြီး ပြည်သူများသည် ယင်းအကျိုးကျေးဇူးများ ခံစားနေကြရသည်ကို တွေ့မြင်သိရှိနေရပါကြောင်း၊ ၎င်းအပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီဝင်များအနေဖြင့် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ အားပေးအားမြှောက် ပြုလုပ်ကြပြီး ပါတီအတွင်း အချင်းချင်းစည်းလုံးညီညွတ်မှုမရှိသည်ကို တွေ့ရှိလာရသည့် အတွက်ကြောင့် တန့်ယန်းမြို့နယ် NLD ပါတီဝင် ၁၂ ဦးသည် ဧပြီ ၆ ရက်တွင် နုတ်ထွက်လွှာများတင်၍ နုတ်ထွက်ခဲ့ကြပါကြောင်း၊ တန့်ယန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မူလက ပါတီဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းထားရှိခဲ့ရာ ယခုပါတီဝင် ၁၂ဦးလုံး ၎င်းတို့ကိုယ်တိုင် ဆန္ဒအလျောက် လက်မှတ်ရေးထိုး နုတ်ထွက်သွားခဲ့ပြီဖြစ်ခြင်းကြောင့် တန့်ယန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးကို ဧပြီ ၁၃ ရက်မှ စ၍ ပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။ (သတင်းစဉ်)

ရင်ချင်းဆက်အမြွှာ မန္တလေးမြို့၌ အောင်မြင်စွာ ခွဲစိတ်မွေးဖွား တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေပေးအပ်

နေပြည်တော် ဧပြီ ၃၀

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၆ ရက် နံနက် ၈ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ဆွေဝင်းက မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် ရင်ချင်းဆက်အမြွှာမွေးဖွားခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာစောလွင်က ရင်ချင်းဆက်အမြွှာ ခွဲစိတ်မွေးဖွားမှုကို ဗီဒီယိုဆလိုက်ဖြင့်လည်းကောင်း၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာနီလာအောင်က ကလေးများအား မွေးစကလေးကုသဆောင်တွင် ပြုစုထားရှိမှုနှင့် ကလေးများ ကျန်းမာရေးအခြေအနေကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရင်ချင်းဆက်အမြွှာ ကလေးများ ပြုစုစောင့်ရှောက်ရန် အတွက် မ,တည်အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ လှူဒါန်းငွေကျပ် ငါးသိန်းကို တိုင်းဦးစီး(ဗိုလ်မှူးကြီး) ဗိုလ်မှူးကြီးသိန်းဦးကလည်းကောင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် ငါးသိန်းကို တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဗဟိုအမျိုးသမီးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဆွေဝင်းက လက်ခံရယူသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးသည် မွေးဖွားပြီး လူနာဆောင်သို့ရောက်ရှိကာ ရင်ချင်းဆက်အမြွှာမွေးဖွားသောမိခင်အား သွားရောက်ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ပြီး မွေးကင်းစဆောင်သို့ ရောက်ရှိပြီး ရင်ချင်းဆက်အမြွှာကလေးများ ပြုစုစောင့်ရှောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ရင်ချင်းဆက်အမြွှာ ကလေးငယ်များကို တံတားဦးမြို့နယ် ထိန်ကန်ကျေးရွာနေ ဦးဇော်ဝင်း၏ ဇနီး ဒေါ်ချို (၃၁)နှစ်က မန္တလေးမြို့ ဗဟိုအမျိုးသမီးဆေးရုံတွင် တက်ရောက် မွေးဖွားခဲ့ရာ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာစောလွင်နှင့်အဖွဲ့က ဧပြီ ၂၄ရက် နံနက် ၈နာရီခွဲတွင် အောင်မြင်စွာခွဲစိတ်မွေးဖွားပေးခဲ့ပြီး ရင်ချင်းဆက်အမြွှာ ညီအစ်မမှာ ရင်ညွန့်မှ ချက်အထိ ဝမ်းဗိုက်ချင်းဆက်လျက်ရှိပြီး နှစ်ဦးပေါင်း၏ ကိုယ်အလေးချိန်မှာ ၄ ဒသမ ၀၅ ကီလိုဂရမ်ရှိ၍ ကလေးနှင့်မိခင် ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့ ရေပေးဝေရေး စီမံကိန်းကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီသည် ဧပြီ ၂၈ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပသော ရေပေးဝေရေးစီမံကိန်းနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ယင်း ညှိနှိုင်းအစည်းအဝေးတွင် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုအခြေအနေကို လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးကလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ ဇေယျာသိန်းဘုန်းတော်ကြီးကျောင်း၌ကျင်းပသော ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။ (သတင်းစဉ်)

✻ ငှက်ဖျားပိုးမှ

အမေရိကန်အခြေပြုဓာတ်ခွဲခန်းများမှ သိပ္ပံပညာရှင်တစ်စုသည် ငှက်ဖျားရောဂါ ကပ်ပါးပိုးဒဏ်ကို ခံနိုင်စေသည့် မျိုးရိုးဗီဇကို စူးစမ်းရှာဖွေတွေ့ရှိခဲ့ကြသည်။ ထိုတွေ့ရှိချက်ကို သိပ္ပံပညာရှင်တစ်စုသည် အင်တာနက် သိပ္ပံမဂ္ဂဇင်းတွင် ဖော်ပြခဲ့ကြသည်။

အကျိုးရှိနိုင်မည်

သိပ္ပံပညာရှင်များသည် မာလီကျေးရွာတစ်ရွာရှိ နေအိမ်များအတွင်းမှ ခြင်မများကို ရယူကာ မျိုးပွားယူကြသည်။ ထို့နောက် မျိုးပွားရာမှ ရလာသော ခြင်မျိုးဆက်များကို ငှက်ဖျားရောဂါရှိနေသူများ၏ သွေးကိုစုပ်ယူစေသည်။ နောက် ခုနစ်ရက်၊ ရှစ်ရက်ကြာသောအခါ ထိုခြင်ကိုသတ်၍ ငှက်ဖျားရောဂါပိုးရှိ၊ မရှိ ရှာဖွေကြည့်သည်။ ထိုအခါစမ်းသပ်ကြည့်သော ခြင် ၂၇ ကောင်တွင် ၂၂ ကောင်၌ ငှက်ဖျားရောဂါပိုး မရှိကြောင်း တွေ့ရသည်။ ထိုအချက်ကို လက်တွေ့အသုံးချနိုင်အောင် ကြိုးပမ်းခြင်းဖြင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးတွင် များစွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အင်တာနက်

Spirulina Gold Beer စက်ရုံဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန် လုပ်ငန်း၏ စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန် လုပ်ငန်း၏ (Spirulina Gold Beer)က စက်ရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ အဆိုပါ စက်ရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စက်ရုံမှူးနှင့် တာဝန်ရှိသူများ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် စက်ရုံခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလွင်က စက်ရုံနှင့် ပတ်သက်၍ ပဏာမရှင်းလင်းပြောကြားပြီး စက်ရုံမှူး ဦးခင်စိုးက ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အာဟာရပြည့်ဝ

အခမ်းအနားအပြီးတွင် ဒုတိယတိုင်းမှူးနှင့် ဧည့်သည်တော်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါစက်ရုံမှ ထုတ်လုပ်မှုကုန်ကြမ်းဖြစ်သော စပီရူလိုင်းနား စိမ်းပြာရေညှိသည် ဘီတာမင်သက်စောင့်ဓာတ်များ၊ သတ္တုဓာတ်များ ပါဝင်မှုကြောင့် ကျန်းမာရေးနှင့် ကိုယ်ခန္ဓာ သန်စွမ်းမှုကို ပံ့ပိုးအားပေးသည့် ဇီဝပစ္စည်းဖြစ်ပြီး ထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်တွင် အဆင့်တိုင်း၏ အရည်အသွေး ထက်မြက်ကောင်းမွန်၍ အာဟာရပြည့်ဝသော ဆေးဘက်ဝင် စားသောက်ကုန်ပစ္စည်းဖြစ်သည်။

(သတင်းစဉ်)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါ အဖြစ်များ သောကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများဝင်ရောက်ကာ ကူးစက်ရောဂါ များ ဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာ ဝမ်းသွားတတ်သောကာလဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ပွား ပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်–

(၁) ရေကိုကျိုချက်၍ သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်းရေကန်စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသော ရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန်ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။

(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများမဝင်နိုင်ရန် အစာကိုင်သော လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့ လျှင်–

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျဖျော်တိုက်ပါ။

(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။

(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ။

၂၀၀၆–ခုနှစ်၊ ဧပြီလ (၁၈)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၅၃၅၅၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အိန္ဒိယနိုင်ငံ ဝိပဿနာစေတီတော်ကြီးအတွက် တတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မေ ၁

မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ဝိပဿနာ တရားပြ ဆရာကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာကြီး ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့အနီး တည်ထားကိုးကွယ်မည့် ဝိပဿနာစေတီတော်ကြီးအတွက် တတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိ ဝိပဿနာရိပ်သာ ဓမ္မခန်းမ၌ ကျင်းပရာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွန့်နှင့် တာဝန်ရှိသူများ၊ အလှူရှင် မိသားစုများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးဥက္ကါက စေတီတော်ကြီး တည်ဆောက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အလှူတော်ငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ရွှေသံလွင် ကုမ္ပဏီလီမိတက်က ထီးတော်ကြီးအတွက် အလှူတော်ငွေကျပ် သိန်း ၅၅၀၊ ဆရာကြီး ဦးဂိုအင်ကာ၊ သားဦးမောင်ရွှေ-ဒေါ်နီနီရွှေ မိသားစု (ဗန္ဓုလကုမ္ပဏီလီမိတက်)က အမေရိကန်ဒေါ်လာ ၄၃၃၇၊ ဒေါ်အမာအား ရည်စူး၍ ဒေါ်စန်းကြည်က ငွေကျပ် ၂၅သိန်း၊ ဦးသိန်းမောင်-ဒေါ်ပါးပါး စန္ဒီပရဆေး မိသားစုက ငွေကျပ် ၁၀သိန်း၊ ရဲမှူးချုပ် မြင့်သိန်း-ဒေါ်ကြည်ကြည်စန်းနှင့် တပ်ဖွဲ့ဝင်များက ငွေကျပ် ၁၀သိန်း၊ ဗိုလ်ချုပ်ခင်မောင်ဝင်း-ဒေါ်မြင့်မြင့်ဝင်း မိသားစု (ဒဂုံမြို့နယ်)က ငွေကျပ် ကိုးသိန်း၊ ဦးအောင်ခင် - ဒေါ်စိန်စိန် (အောင်သံဆန်ခါ ထုတ်လုပ်ရေး ဘောက်ထော်)က အမေရိကန်ဒေါ်လာ ၅၅၃ အပါအဝင် အလှူရှင် စုစုပေါင်း ၁၅၆ဦးတို့က အလှူတော်ငွေကျပ် ၇၈၂သိန်း၊ ရှစ်သောင်းငါးထောင် ၆၇ကျပ်နှင့် အမေရိကန် ဒေါ်လာ ၆၄၇၇၊ အက်ဖ်အီးစီ ၂၅၀နှင့် အိန္ဒိယရူပီ ၈၅၀တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ထားကိုးကွယ်မည့် ဝိပဿနာစေတီတော်ကြီးအတွက် တတိယအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲတွင် ရွှေသံလွင်ကုမ္ပဏီလီမိတက်က ထီးတော်ကြီးအတွက် အလှူတော်ငွေကျပ်သိန်း ၅၅၀ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လွယ်မွေဒေသဖွံ့ဖြိုးရေး ကျေးရွာစာကြည့်တိုက်ဖွင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ စာအုပ်လှူဒါန်း

ကျိုင်းတုံ မေ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ် လွယ်မွေဒေသဖွံ့ဖြိုးရေး ကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၉ရက်ကကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလှ တက်ရောက်၍ အမျိုးသမီးရေးရာမဂ္ဂဇင်းနှင့် သတင်းဂျာနယ်၊ မဂ္ဂဇင်း၊ သုတရသစာအုပ်များလှူဒါန်းခဲ့သည်။ (အပေါ်ပုံ) (ပြန်/ဆက်)

ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲ ဆုပေးပွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း စရဏမဂ္ဂဇင်းက ကြီးမှူးကျင်းပသော ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမအဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာကျော်မြင့်နိုင်နှင့် အလုပ် အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း၊ ပြည်ပ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မဂ္ဂဇင်းတိုက်များမှ စာပေပညာရှင်များ၊ စရဏမဂ္ဂဇင်း ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ ဆုရရှိကြသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြိုင်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာဗွေးလွင်က ပြိုင်ပွဲ ကျင်းပရ ခြင်း အကြောင်းကို ရှင်းလင်းပြောကြား သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြိုင်ပွဲတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်တို့က ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ခန်းမဆောင်၌ မေလ ပထမပတ်တွင် ကျင်းပမည်ဖြစ်ရာ အထက်မြန်မာပြည် မြို့ကြီးများမှ ဆုရရှိသူများအား ဆုချီးမြှင့်သွားမည် ဖြစ်သည်။ (သတင်းစဉ်)

အမှုဆောင်များစီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းဆင်းပွဲ လယ်ဝေးမြို့၌ကျင်းပ

ရန်ကုန် မေ ၁

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးဖွင့်လှစ်သည့် အမှုဆောင်များ စီမံခန့်ခွဲမှု (ဆင့်ပွား) သင်တန်း အမှတ်စဉ် (၁/၂၀၀၆) သင်တန်းဆင်းပွဲကို ဧပြီ ၃၀ရက် နံနက် ၉နာရီတွင် လယ်ဝေးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း လူငယ်ရိပ်သာ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု စည်းရုံးရေးမှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းထွန်းနှင့် ခရိုင်အသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးတို့က အမှာစကား ပြောကြားကြပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးဌေးဝင်းက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

Ocean King Sea Food စားသောက်ဆိုင်ဖွင့်

ရန်ကုန် မေ ၁

Ocean King Sea Food စားသောက်ဆိုင်ဖွင့်ပွဲကို ဧပြီ ၂၉ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ နယူးရောဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ရွှေ၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ရွှေနှင့်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်တို့က စားသောက်ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တက်ရောက်လာကြသောဧည့်သည်များက စားသောက်ဆိုင်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ညစာဖြင့်တည်ခင်းဧည့်ခံသည်။

Ocean King Sea Food စားသောက်ဆိုင်၌ တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်ကွမ်ကျိုးမြို့မှ လုပ်သက်ရင့်စားဖိုမှူးကြီးများ၏ ထူးကဲသောလက်ရာဖြင့် အစားအစာများကို အထူးစီမံချက်ပြုတ် ရောင်းချသွားမည်ဖြစ်သည်။ ဟင်းအမျိုးပေါင်း ၁၀၀ကျော်ဖြင့် နံနက် ၁၁နာရီမှ မွန်းလွဲ ၂နာရီခွဲအထိ ဘူဖေးအစားအစာများကိုလည်းကောင်း၊ ညနေ ၅နာရီမှ ည ၁၁နာရီအထိလည်းကောင်း သင့်တင့်သောဈေးနှုန်းဖြင့် နေ့စဉ်ရောင်းချသွားမည်ဖြစ်ရာ လူမျိုးဘာသာမရွေး လာရောက်စားသုံးနိုင်သည်။ (သတင်းစဉ်)

Ocean King Sea Food စားသောက်ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ထန်းပင်ကုန်း စပယ်လမ်းနေ ကွယ်လွန်သူ ဦးအောင်ညိမ်းအား ရည်စူး၍ ဒေါ်ခင်သိန်း၊ သားသမီးမြေးတစ်စုက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးသွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးသွားရိပ်သာ)

တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် မိခင်/ကလေးအသင်းခွဲ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲ တက်ရောက်စိုက်ပျိုး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတော်တွင် အရာရှိ စစ်သည်မိသားစုဝင်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များ ဝေငှပေးစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး၊ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့သည် ယမန်နေ့မွန်းတည့်၁၂နာရီတွင် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲ၏ ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပေးကြသည်။

ရှေးဦးစွာ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးမြတ်သူက တပ်မနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က အခမ်းအနားသို့ တက်ရောက်လာကြသည့် တပ်ရင်း၊တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိစစ်သည် မိသားစုဝင်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များ ဝေငှပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး တပ်မနှင့် တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ၊စစ်သည်၊ မိသားစုဝင်များ၏ ခြံစည်းရိုးကြက်ဆူပျိုးပင် ၃၀၀၀ ကျော် စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဝါးနက်ကုန်းကျေးရွာရှိ ရောင်နီဦးစာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက စာကြည့်တိုက်အတွက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှလှူဒါန်းသည့် သုတ၊ရသ စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

ကြေးမှုံ The Mirror

ထူးထူးခြားခြား အင်တာနက်သတင်း

စက်လွှသံကြောင့် ဒေါသူပုန်ထနေသည့် မိကျောင်း လွှကိုကိုက်မိ၍ သွားများကျိုးခဲ့ရ

ကင်ဘာရာ ဧပြီ ၃၀

ဩစတြေးလျနိုင်ငံ မြောက်ဖျားပိုင်းဒေသတွင် မုန်တိုင်းကြောင့် ပြိုလဲနေသော သစ်ပင်များကို လက်ကိုင်စက်လွှ အသုံးပြုပြီး လူတစ်ဦးက ရှင်းလင်းနေစဉ် လွှ၏ဆူညံသံကိုမခံနိုင်သော မိကျောင်းက တိုက်ခိုက်ရာမှ လွှကိုဝါးမိပြီး သွားများ ကျိုးကုန်ရသည့်အဖြစ်တစ်ရပ် ပြီးခဲ့သော သီတင်းပတ်ကုန်က ဖြစ်ပွားခဲ့သည်။

အဆိုပါ မိကျောင်းကြီးသည် ကိုရိုဘိုရီဥယျာဉ်ဒေသတွင် မူလကတည်းက ရှိနေသော အကြီးစား ရေငန်မိကျောင်းကြီးဖြစ်သည်။ ယင်း၏ အရှည်မှာ ၁၅ ပေခန့် ရှိသည်ဟုဆိုသည်။ ထိုအရပ်ရှိ လူများက ယင်းမိကျောင်းကြီးကိုဘရူးတပ်စ်ဟု အမည်ပေးထားကြသည်။

ဩစတြေးလျနိုင်ငံ မြောက်ပိုင်းမှ ရေငန်မိကျောင်းကြီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မိကျောင်း၏ တိုက်ခိုက်မှုကို ခံရသူမှာ ဖရက်ဒီဆိုသူဖြစ်သည်။ ၎င်းက စက်လွှဖြင့် သစ်ပင်ကို ဖြတ်တောက်နေစဉ် အနီးရှိ ရေအိုင်အတွင်းမှ မိကျောင်းကြီး ထွက်ပေါ်လာကာ ကုန်းပေါ်သို့ ပေ ၆၀ ခန့်အကွာအထိ တက်ရောက်လာပြီး ဖရက်ဒီကို တိုက်ခိုက်သည်။

ထိုအခါ ဖရက်ဒီမှာ သစ်ပင်ပေါ်သို့တက်ပြေးရင်း မိကျောင်း၏ ပါးစပ်အတွင်းသို့စက်မသေသေးဘဲလည်ပတ်နေသော လွှကိုထိုးသွင်းလိုက်သည်။ မိကျောင်းသည် ဒေါသကြီးစွာဖြင့် လွှကိုကိုက်လိုက်ရာ လွှမှာလည်းအပိုင်းပိုင်းပြတ်ပြီး စက်ရပ်သွားတော့သည်။

မိကျောင်းကြီးမှာ လွှကိုကိုက်မိသည့်အတွက် အသက်မသေသော်လည်း သွားအချို့ ကျိုးကုန်ကြောင်း သိရသည်။ ယင်းသည် စိတ်မကျေနပ်သေးဘဲ နာရီဝက်ခန့်မျှကြာအောင် လွှကို ထပ်မံကိုက်ခဲပြီး ထွက်ခွာသွားသည်။

(အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်

၈:၀၀ ၆။ အတီးပြိုင်ပွဲ

၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ

၈:၁၅ ၈။ အကပြိုင်ပွဲ

၈:၂၀ ၉။ ရင်းငြိမ်ရေထိန်းတံခါး

၈:၃၀ ၁၀။ International News.

၈:၄၅ ၁၁။ Happy and Educational English Summer Course MRTV.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)

၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက

၅:၁၅ ၆။ ခံစားနားဆင် တေးဓာတ်ဝင်

၅:၂၅ ၆။ "သတိနဲ့ယှဉ်အသိနဲ့ပြင်" (အပိုင်း-၁)

၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၀၀ ၉။ ညနေခင်းသတင်း

၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၁။ အတီးပြိုင်ပွဲ

၆:၄၅ ၁၂။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး

၆:၅၅ ၁၃။ ကြေးမုံရိပ်သွင် တေးနှယဉ်

၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနုနု" (အပိုင်း-၈)**

၈:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အိပ်မက်ကမ္ဘာ" (အပိုင်း-၁၀)**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

ကျန်းမာရေးစစ်ဆေးခြင်း ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ညှိနှိုင်းမှုအရ ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း သန်လျင်မြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဟောပြောခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များအနည်းငယ်တိုးလာနိုင်

၂၀၀၆ခုနှစ် မေလ ၁ ရက် မွန်းလွဲ ၂နာရီအချိန်ထုတ်ပြန်ချက် ယနေ့နံနက် ၉:၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင်နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပါသည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်မြဲအောက် ၁၁ ဒီဂရီစင်တီဂရိတ်မှ ၁၂ ဒီဂရီစင်တီဂရိတ်ထိ၊ မကွေးတိုင်းနှင့်ပဲခူးတိုင်းတို့တွင် ဖြစ်မြဲအောက် ၉ဒီဂရီစင်တီဂရိတ်မှ၁၀ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့်မန္တလေးတိုင်းတို့တွင် ဖြစ်မြဲအောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့ပါသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၁ ဒသမ ၄၁လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၀၂လက်မနှင့် ဂွမြို့တွင် ၀ ဒသမ ၈၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

၂၀၀၆ ခုနှစ် မေလ ၂ရက်နေ့ ညနေထိခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ကရင်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ဧရာဝတီတိုင်း၊ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၈၈ ဒီဂရီဖာရင်ဟိုက်) ၃၀-၄-၂၀၀၆

အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်) ၁-၅-၂၀၀၆

၀၉:၃၀နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း ၁-၅-၂၀၀၆

နေပူသည့်နာရီပေါင်း ၆ ဒသမ ၅နာရီခန့် ၃၀-၄-၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁-၅-၂၀၀၆	မရှိပါ	မရှိပါ	မရှိပါ

၁-၁-၂၀၀၆မှ ယနေ့အထိ ၁၄၉ မမ (၅ ဒသမ ၈၇ လက်မ)

၁၅၆ မမ (၆ ဒသမ ၁၄လက်မ) ၁၄၀မမ (၅ ဒသမ ၅၁လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃၀-၄-၂၀၀၆ရက် ၁၃:၂၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၄မိုင်နှုန်း တိုက်ခတ်သည်။

ပေးအပ်လှူဒါန်း

ခင်ပွန်း ဦးကျော်မောင်အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အနော်ရထာအိမ်ရာနေ ဒေါ်မြသန်းမိသားစုက ဒဂုံမြို့နယ် အမှတ် (၁၆) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

လက်ခံယူ

ကွယ်လွန်သူ ကိုတင်မောင်ဝင်း (ခ)ကိုဖိုးထူးအား ရည်စူး၍ မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းမြို့နေ ဦးတင်ရီ-ဒေါ်ကျင်နုမိသားစုနှင့် ဆွေမျိုးများက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။

(က-ပ)

မင်္ဂလာဗျူဟာအသင်းချုပ် ရွှေရတုသဘင်ပွဲ

ရန်ကုန် မေ ၁

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ် နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီ၌ ကျင်းပရန်စီစဉ်ထားရာ ရွှေရတုအကြိုတရားပွဲများအဖြစ် မေ ၅ ရက် ည ၇ နာရီတွင် သီတဂူဆရာတော် အရှင်ဉာဏိဿရ (D. Litt) (Ph. D)၊ မေ ၆ ရက် ညနေ ၅ နာရီတွင် အရှင်ဣန္ဒာစာရ (ရွှေအင်ကြင်း၊ ပဲခူး)၊ မေ ၇ ရက် ညနေ ၅ နာရီတွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်သိရိန္ဒာဘိဝံသ(ယောဆရာတော်)၊ မေ ၈ ရက် ညနေ ၅ နာရီတွင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရ (သီတဂူကြာတစ်ပွင့်)၊ မေ ၉ ရက် ညနေ ၅ နာရီတွင် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ)၊ မေ ၁၀ ရက် ညနေ ၅ နာရီတွင် အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ)တို့က မင်္ဂလာဗျူဟာအသင်းချုပ် ဓမ္မသဘင်ခန်းမတွင် တရားချီးမြှင့်မည်ဖြစ်ရာ တရားနာကြွရောက်ရန်နှင့် ရွှေရတုအခမ်းအနားသို့လည်း ကြွရောက်ချီးမြှင့်ရန် ဖိတ်ကြားထားသည်။ (၂၃)

မုဒုံမြို့နယ် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအတွက် ဧပြီ ၂၈ရက်က မုဒုံမြို့ ဗိုလ်ချုပ်လမ်းနေ ဦးဖေသစ်-ဒေါ်ခင်မြင့် မိသားစုက ငွေကျပ်သုံးသိန်းပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ စာရင်းစစ်မှူး ဒေါ်မြင့်မြင့်စိုး လက်ခံရယူစဉ်။

(မြို့နယ်ပြန်/ဆက်)

ချန်ပီယံဆုဖလားရရှိရေး လမ်းကြောင်းမှန်ပေါ်သို့ ဂျူဗင်တပ်စ်အသင်း ပြန်လည်ရောက်ရှိ

ကြေးမုံ The Mirror

ပြည်ပ အားကစား သတင်းများ

ရောမ မေ ၁

အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲတွင် ထိပ်ဆုံးမှဦးဆောင်နေသည့် ဂျူဗင်တပ်စ်အသင်းသည် တနင်္ဂနွေနေ့က ကျင်းပသော ပွဲစဉ် (၃၆) ပြိုင်ပွဲတွင် ဆီနာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိလိုက်ရာ ချန်ပီယံဆုဖလားရရှိရန်ကြိုးပမ်း အားထုတ်မှုများ လမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

လက်ရှိချန်ပီယံ ဂျူဗင်တပ်စ်အသင်းသည် ပထမရှစ်မိနစ်အတွင်းမှာပင် သုံးဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့ပြီး ငါးပွဲဆက်တိုက် သရေပွဲများနှင့်သာ ကျေနပ်ခဲ့ရမှုကို အဆုံးသတ်လိုက်နိုင်သည်။ နောက်ထပ် နှစ်ပွဲမျှသာ ကစားရန် ကျန်ရှိတော့သည့် ဂျူဗင်တပ်စ်အသင်းသည် ဒုတိယနေရာတွင်ရှိနေသော အေစီမီလန်အသင်းထက် သုံးမှတ်အသာ ရရှိထားသည်။

ဂျူဗင်တပ်စ် အသင်းအတွက် ပြင်သစ်လူမျိုး ကွင်းလယ်ကစားသမား ပက်ထရစ်ဗီယာရာက ခေါင်းတိုက်၍ အဖွင့်ဂိုးသွင်းယူခဲ့ပြီး ဒေးဗစ်ထရက်ဇီဂေးနှင့် အက်ဒရီယန်တို့က ဒုတိယနှင့် တတိယဂိုးများ သွင်းယူခဲ့သည်။

အင်တာနက်။

ဧပြီ ၃၀ရက်က အီတလီနိုင်ငံ ဆီနာမြို့ရှိ အာတီမီဒိုဖရန်ချီ အားကစားကွင်းတွင် ကျင်းပသော စီးရီးအေ ဘောလုံးပြိုင်ပွဲတွင် ဂျူဗင်တပ်စ်အသင်းမှ ပက်ထရစ်ဗီယာရာက ဆီနာအသင်းဘက်သို့ အဖွင့်ဂိုးသွင်းယူစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ကာဆာဘလန်ကာ အိုးပင်းချန်ပီယံ

ဧပြီ ၃၀ရက်က မော်ရိုကိုနိုင်ငံတွင် ကျင်းပသည့် ကာဆာဘလန်ကာ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အနိုင်ရရှိသည့် အီတလီလူမျိုး တင်းနစ်သမား ဘရာစီယာလီ။

(ဓာတ်ပုံ-အင်တာနက်)

ကာဆာဘလန်ကာအိုးပင်း အီတလီလူမျိုး တင်းနစ်သမား ပထမဆုံးအကြိမ်အနိုင်ရ

ပါရီ မေ ၁

အီတလီလူမျိုး တင်းနစ်ကစားသမား ဒန်နီယယ်ဘရာစီယာလီသည် တနင်္ဂနွေနေ့က မော်ရိုကိုနိုင်ငံ ကာဆာဘလန်ကာတွင် ကျင်းပသော ကာဆာဘလန်ကာ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ချီလီလူမျိုး ထိပ်တန်း တင်းနစ်သမား နီကိုလပ်စ်မာဆုကို ၆-၁၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ATP Tour တင်းနစ်ဆုဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးရရှိလိုက်သည်။

ယုံကြည်မှုရှိ

ATP Tour တင်းနစ်ဆုဖလားကို ရရှိခြင်းဖြင့် အနာဂတ်ဘဝအတွက် မိမိကိုယ်မိမိ ယုံကြည်မှုရှိရကြောင်း အီတလီလက်ရွေးစင် အဆင့် (၇)ရှိ ဘရာစီယာလီက ပြောကြားသည်။

အသက် (၂၈)နှစ်အရွယ်ရှိ ဘရာစီယာလီသည် ကမ္ဘာ့အဆင့်အရ (၆၈) နေရာတွင်ရှိပြီး မြေသားတင်းနစ်ကွင်းတွင် ကျင်းပသည့် ATP Tour အမျိုးသားတင်းနစ်ပွဲစဉ်၌ လက်ရွေးစင်တင်းနစ်သမားသုံးဦးကို အနိုင်ရရှိကာ ဆုဖလားရရှိခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြင်သစ်ဘောလုံးသမား လီဇာရာဇူး ဘောလုံးသမားဘဝမှ အနားယူမည်

ပါရီ မေ ၁

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲနှင့် ဥရောပ ဘောလုံးပြိုင်ပွဲတို့တွင် အောင်ပွဲခံနိုင်ခဲ့သည့် ပြင်သစ်ဘောလုံးသမား ဘစ်ဇင့်လီဇာရာဇူးသည် ယခုနှစ် ဘောလုံးရာသီ ကုန်ဆုံးသည့်အခါ ဘောလုံးသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း မေ ၁ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထိခိုက်အနာတရဖြစ်

အသက် (၃၆) နှစ် အရွယ်ရှိ နောက်တန်းသမား လီဇာရာဇူးသည် လွန်ခဲ့သည့် ဘောလုံးရာသီ နှစ်ရာသီကာလအတွင်း ထိခိုက်အနာတရဖြစ်မှုများနှင့် မကြာခဏ တွေ့ကြုံခဲ့ရသည်။

စဉ်းစား

ဘောလုံးသမားဘဝမှ အနားယူရန် ဆုံးဖြတ်ချက်မချမှတ်မီ လပေါင်းအတန်ကြာမျှ မိမိစဉ်းစားခဲ့ရကြောင်း၊ မိမိသည် ဘောလုံးအတိုင်ပင်ခံ ပညာရှင်အဖြစ် ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း လီဇာရာဇူးက ပြင်သစ်တီဗွီကန်နားပလတ်စ် ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။

ဘောလုံးကစားခြင်းမှ အနားယူတော့မည့် ပြင်သစ်လက်ရွေးစင် ဘောလုံးသမား လီဇာရာဇူး။

(ဓာတ်ပုံ-အင်တာနက်)

အနိုင်ရရှိ

ဘေယန် မြူးနစ်ဘောလုံးအသင်း နောက်တန်းသမား လီဇာရာဇူးသည် ပြင်သစ်အမျိုးသား လက်ရွေးစင် ဘောလုံးအသင်းနှင့်အတူ နိုင်ငံတကာပွဲ ၉၇ ပွဲတွင် ပါဝင်ကစားခဲ့ပြီး ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ၎င်း၏အသင်း အနိုင်ရရှိခဲ့သည်။

၎င်းသည် ၂၀၀၀ ပြည့်နှစ် ဥရောပချန်ပီယံဘောလုံးအသင်း၏ အသင်းသားတစ်ဦးလည်းဖြစ်ခဲ့သည်။

အင်တာနက်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

အီကွေဒေါ

အီကွေဒေါအသင်းသည် ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ကစားခွင့် ရရှိခဲ့သည်။ ထိုစဉ်က နည်းပြဆရာ ဟာနန်းဒါရီအိုဂိုမက်က "ကျွန်တော်တို့တစ်တွေ အတွေ့အကြုံ သစ်တွေ ရှာရဦးမယ်"ဟု ပြောခဲ့ဖူးသည်ကို အားကစားဝါသနာရှင်များ မှတ်မိပေလိမ့်မည်။ ယခု နည်းပြသစ် လူးဝစ္စ ဖာနန်ဒိုဆောရက်(စ်)က ဂိုမက်ကဲ့သို့ နှိမ့်ချပြီး ပြောတတ်သူမဟုတ်။

"ကိုယ့်ရဲ့ တိုးတက်မှုကို ပြဖို့အတွက် အခွင့်အရေးတစ်ခုရတာပဲ။ လူတွေစိတ်ဝင်စားမယ့် နည်းစနစ်ရော၊ နည်းပရိယာယ်ပါကောင်းတဲ့ ဘောလုံးသမားအရိုင်းကလေးတွေရှိတယ်။ အုပ်စုက ကျွတ်ပြီး ရှုံးထွက်ဒုတိယ အဆင့်ကို တက်နိုင်တဲ့ အနေအထားရှိပါတယ်။ ယုတ္တိဗေဒနည်းအရ ကြည့်မယ်ဆိုရင်တော့ ဂျာမနီကို လူကြိုက်များတယ်ဆိုတာရှင်းပါတယ်။ ဒါပေမယ့် ပိုလန်တို့၊ ကော့စတာရီကာတို့လို အသင်းမျိုးတွေကိုဖြတ်ပြီး တက်သွားနိုင်တဲ့ အခွင့်အလမ်းတွေ ကျွန်တော်တို့မှာ ရှိပါတယ်"ဟု လူးဝစ္စက ပြောသည်။

ချစ်ကြည်ရေး ခြေစမ်းပွဲများကို ကြည့်ပြီး နည်းပြဆရာ လူးဝစ္စက ကောက်ချက်ဆွဲပြထားသည်။ အီကွေဒေါအသင်းမှာ အားနည်းချက်နှစ်ချက်ရှိသည်။ ပထမအချက်က အမြင့်ဘောများကို ဖျက်မထုတ်နိုင်ခြင်းဖြစ်သည်။ နောက်တစ်ချက်မှာ မိမိ အသားမကျသေးသောပုံစံများဖြင့် ကစားခြင်းဖြစ်သည်။

အီကွေဒေါ ဂိုးသမားများသည် ဖြတ်တင်ဘောလုံးများကို ဖမ်းရာတွင် အားနည်းကြသည်။ နောက်တန်းသမားများလည်း အမြင့်ဘောများကို

ဂမ်ဆိုင်း

ဖျက်ထုတ်ရာတွင် အားနည်းကြသည်။ နောက်တန်း အလယ်ကစားသမား ဂျော့ဗန်နီတစ်ယောက်သာလျှင် အမြင့်ဘောများကို ဖျက်ထုတ်ရာတွင်ကောင်းသည်။ နောက်အားနည်းချက်တစ်ခုမှာ ဥရောပ အတွေ့အကြုံမရှိခြင်းဖြစ်သည်။ အသင်းမှ ကစားသမားအနည်းငယ်လောက်သာ ဥရောပကလပ်များတွင် ကစားနေကြသည်။

စပိန်နိုင်ငံတွင် ပိုလန်အသင်းနှင့် ချစ်ကြည်ရေးကစားရာ၌ အီကွေဒေါသည် ၃-၀ ဖြင့် ရှုံးခဲ့သည်။ ရှုံးရသောအကြောင်းရင်း နှစ်ချက်ရှိသည်။ တစ်ချက်က ကွင်းရေလျှံနေသောကြောင့်ဖြစ်သည်။ ဒုတိယအချက်မှာ ကစားပုံညံ့သောကြောင့် ဖြစ်သည်။

အီကွေဒေါ အသင်းနည်းပြ လူးဝစ္စ ဖာနန်ဒိုဆောရက်(စ်)။

မည်သို့ပင်ဖြစ်စေ ပိုလန်နှင့်ပွဲသည် အီကွေဒေါအတွက် မည်သည့်အကျိုးကျေးဇူးမျှ မရလိုက်သော်လည်း ဥရောပတွင် ကစားလိုက်ရသော အတွေ့အကြုံကိုမူရခဲ့သည်။

ပိုလန်နှင့်ကစားသောပွဲကို ကြည့်ပြီး အီကွေဒေါအသင်း ညံ့သည်ဟု ကောက်ချက်ချလျှင် မိုက်မဲရာကျပေလိမ့်မည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီကွေဒေါသည် ပရိသတ်များကို အံ့အားသင့်စေသောအသင်းဖြစ်သည်။ ၎င်းအသင်းမှ အဓိက ကစားသမားအချို့ ယခုပွဲတွင် ပြန်လည်ပါဝင်လာကြသည်။ အချို့ကစားသမားများကလည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ ပြည်တွင်းပြိုင်ပွဲများမှ ပေါ်ထွက်လာသော ကစားသမားကောင်းများ ဖြစ်ကြသည်။

အီကွေဒေါအသင်းသည် ထိရောက်သော နည်းပရိယာယ်ပိုင်းဆိုင်ရာများအား မည်သို့မည်ပုံ အသုံးချရမည်ကို ကောင်းစွာသိသည်။ ယင်းအချက်မှာ အီကွေဒေါ၏ အားသာချက်ဖြစ်သည်။ အထ နေးသော်လည်း အထိရောက်ဆုံး လှုပ်ရှား ကစားနိုင်သည်။

"ဒီနေ့ အသင်းတိုင်းဟာ ကွင်းလယ်ကနေ ဘယ်လိုထိုးဖောက်ကစားရင်ရမလဲဆိုတဲ့ ကိစ္စတွေနဲ့ အလုပ်ရှုပ်နေကြပါတယ်။ အသင်းကောင်းတွေကို လေ့လာကြည့်ရင် အားသာချက်တွေရှိပါတယ်။ အဲဒီအားသာချက်တွေကတော့ တိုက်စစ်၊ ခံစစ်ကို ဘေးနှစ်ဖက်ကနေ တည်ဆောက်ထားတာပဲ"ဟု လူးဝစ္စက ပြောကြားခဲ့သည်။

လူးဝစ္စသည် အီကွေဒေါအသင်းကို သူ့ပြောစကားအတိုင်း တည်ဆောက်လျက်ရှိသည်။ ကွင်းလယ်ကို အသေပိတ်ထားပြီး ဘေးနှစ်ဖက်မှနေ ထိုးဖောက်ကစားနိုင်ရန် ပြင်ဆင်ထားသည်။ ပြိုင်ဘက်ကစားသမားများကို သက်လုံကျ အမောဖောက်အောင် ပြုလုပ်နိုင်သော စွမ်းရည်တစ်ရပ်လည်းရှိသည်။

အီကွေဒေါအသင်းမှာ ရှိသော အဓိက ကစားသမားများသည် အကောင်းဆုံး အခြေအနေမျိုးတွင် ရောက်ရှိနေလျှင် ပြိုင်ဘက်အသင်းများကို အကြီးအကျယ် ဒုက္ခပေးနိုင်ကြောင်း သုံးသပ်တွေ့ရှိရပေသည်။ ။



အီကွေဒေါအသင်းမှ ရှေ့တန်း တိုက်စစ်မှူး ကားလို့စ်တီနိုရီယို (ဝဲ)။

သီတဂူ ရေအလှူတော်တရားပွဲများ ကျင်းပမည်

ရန်ကုန် မေ ၁

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရသည် အရှင်ပညာသာရ အမှူးပြုသော မရမ်းကုန်းမြို့နယ် သမိုင်း (၂)ရပ်ကွက် ဦးအောင်ဘွင့်လမ်းနေ ဦးမြင့်ဆွေဦး-ဒေါ်သီတာစိုး၊ ကိုစောနိုင်ဦးနှင့် မောင်နမတစ်စုတို့၏ သီတဂူ ရေအလှူတော်ဓမ္မသဘင်ကို ပေါ်တော်မူဘုရားဝင်းအတွင်း၌ (၁၃၆၈ခုနှစ် ကဆုန်လဆန်း ၇ရက်) မေ၃ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် တရားရေအေးတိုက်ကျွေးမည်ဖြစ်သည်။

အလားတူ သီတဂူဆရာတော် အရှင်ဉာဏိဿရ (D. Litt) (Ph.D) (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်၏ ရေအလှူတော်တရားပွဲကို မေ ၄ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ မဟာဇေယျအတုလမာရဇိန်ကြေးသွန်းဘုရားကြီးတွင် ကျင်းပမည်ဖြစ်သည်။ (က-ပ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း တည်ဆောက်ပြုပြင်မှုလုပ်ငန်းအတွက် ဧပြီ ၂၈ရက်က ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံ ဆ-၇ စိန်ပန်းလမ်းနေ ဦးကိုကိုဦး-ဒေါ်သန်းအေး(ချမ်းမြေ့ကြွယ် Express)မိသားစုက ငွေကျပ် သိန်း ၂၀ ပေးအပ်လှူဒါန်းရာ ဘက်စုံမွမ်းမံပြင်ဆင်တည်ဆောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဒုတိယဗိုလ်မှူးကြီး တင်အောင်နှင့် ဂေါပကအဖွဲ့ဝင်များ လက်ခံရယူစဉ်။ (၃၀၇)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဇိနမာန်အောင် စေတီတော်ဝင်းအတွင်း အာနန္ဒာစေတီ တည်ဆောက်ရန်အတွက် လမ်းမတော်မြို့နယ် အထက်ဘုန်းကြီးလမ်းနေ (ဖခင်-ဦးထွန်းရင်၊ မိခင် ဒေါ်မမလေး) အားရည်စူး၍ သမီး ဒေါ်ခင်ခင်ဝေ၊ သား ဦးအေးမင်း-ဒေါ်ယဉ်ယဉ်အေး၊ သား ဦးသန့်ဇင်-ဒေါ်နုနုရီ (မန္တလာညွှန့်မန္တလေးဖိနပ်ဆိုင်) မိသားစုက အလှူငွေကျပ် ၁၀သိန်းကို ဇိနမာန်အောင်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွှန့်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျောက်ကြီးမြို့နယ် ကော့ပြင်းကျေးရွာအနီးတောင်ယာ၌ သောင်းကျန်းသူများထောင်ထားခဲ့သည့် မိုင်းနှစ်လုံးကို အပြစ်မဲ့ပြည်သူနှစ်ဦး နင်းမိပေါက်ကွဲဒဏ်ရာရရှိ

နေပြည်တော် မေ ၁

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးကာ အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြု လုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၆ရက် နံနက် ၉ နာရီခွဲခန့်တွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ကော့ပြင်းကျေးရွာမှ မောင်ရဲထွန်း (၂၀)နှစ်၊ မောင်ထွန်း (၂၀) နှစ်နှင့် မသင်းမာဦး (၂၈)နှစ်တို့ သုံးဦးသည် နေအိမ်မှ တောင်ယာတောသို့ အင်ဖက်သယ်ယူရန် သွားရောက်စဉ် မောင်ရဲထွန်းသည် တောင်ယာအနီး၌ သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲ၍လဲကျရာ မသင်းမာဦးက ထူမပေးရန်သွားစဉ် နောက်ထပ်မိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် မောင်ရဲထွန်းမှာ ယာဘက်ခြေမခွဲခြား ကွဲထွက်သွားပြီး မသင်းမာဦးမှာ ယာဘက်ခြေဒူးအောက်မှ ပြတ်ထွက်ကာ ဒဏ်ရာအသီးသီးရရှိခဲ့ကြသည်။

အဆိုပါမိုင်းနင်းမိပေါက်ကွဲ၍ ဒဏ်ရာရရှိခဲ့ကြသည့် မောင်ရဲထွန်းနှင့် မသင်းမာဦးတို့အား တာဝန်ရှိသူများက လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများအား နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းဖော်ထုတ်လျက်ရှိသည်။ (သတင်းစဉ်)

ဒုတိယအကြိမ် မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ်မြို့တော်ဝန်ဖလား တင်းနစ် ပြိုင်ပွဲကို မေ ၅ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် (က)အဆင့် အသင်းလိုက်ပြိုင်ပွဲ အတွက် တစ်ဦးချင်းနှစ်ပွဲနှင့် နှစ်ယောက်တွဲတစ်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် အားကစားသမားအနည်းဆုံး လေးဦးမှ အများဆုံး ငါးဦး သတ်မှတ်ထားသည်။ (ခ) အဆင့်အသင်းလိုက် ပြိုင်ပွဲတွင် နှစ်ယောက်တွဲသုံးပွဲ ကစားခွင့်ပြုမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံးခြောက်ဦးမှ အများဆုံးခုနစ်ဦး သတ်မှတ်ထားသည်။ အသက် (၁၀)နှစ်၊ (၁၂)နှစ်နှင့် (၁၄)နှစ်နှင့်အောက် မျိုးဆက်သစ်လူငယ်တင်းနစ်ပြိုင်ပွဲလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ယင်းတင်းနစ်ပြိုင်ပွဲတွင် စည်းကမ်းများ သတ်မှတ်ထားရာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့် တိုင်းအဆင့် အားကစားသမားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းအဆင့် မဟုတ်သူများ၊ အသက်(၄၅)နှစ်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် တစ်ဦးသာ ပါဝင်ခွင့်ရှိသည့်အပြင် အသက် (၅၀) နှစ်အထက် ပြည်နယ်နှင့် တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမား ဦးရေကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိသည်။

အဆိုပါ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် နယ်မှလာရောက် ယှဉ်ပြိုင်ကြသော ကလပ်အသင်းများနှင့် လူငယ်သက်တန်းအလိုက် ပါဝင်ကစားလိုသူများအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က တည်းခိုရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် မေ ၄ရက် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀ သို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး မေ ၄ရက် မွန်းလွဲ ၁နာရီတွင် ပွဲစဉ်များရေးဆွဲမည့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ရုံးခန်းသို့ အသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ကြရန်ဖြစ်သည်။ (သတင်းစဉ်)

ကန်တော်ကြီး ရေကူးကန်နှင့် အပန်းဖြေစခန်း ဖွင့်ပွဲကျင်းပ

မိသားစု၊ အသင်းအဖွဲ့အလိုက် လာရောက်အပန်းဖြေနိုင်

ရန်ကုန် မေ ၁

ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ် ပညာပေးဇုန်အတွင်းရှိ ကန်တော်ကြီး ရေကူးကန်နှင့် အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ အပန်းဖြေစခန်းအဆောက်အအုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ တက်ရောက် ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် Wood Land Co, Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်တို့က ကန်တော်ကြီးရေကူးကန်နှင့် အပန်းဖြေစခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ကန်တော်ကြီး ရေကူးကန်နှင့် အပန်းဖြေစခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုမပြိုကွဲရေးသည် အဓိကဟုခံယူ အမျိုးသားညီလာခံကို ကျောခိုင်းခဲ့သည့်အတွက် SNLD ပါတီနှင့် သဘောထားမတိုက်ဆိုင် ဆက်လက်ကျင်းပနေသော အမျိုးသားညီလာခံကြီးအား ထောက်ခံလျက် SNLD ပါတီဝင်တာဝန်များနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်

ရန်ကုန် မေ ၁

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ဗဟိုအလုပ်အမှုဆောင်(စည်းရုံးရေးမှူး) ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးစိုင်းဖ(ခေါ်)ဦးစိုင်းလှဖေ [နိုင်ငံသားစိစစ်ရေးလက်မှတ်အမှတ်–၁၂/တကန(နိုင်) ဝ၉ဝ၃၁၂]က SNLD ပါတီလုပ်ငန်းတာဝန်များကို စိတ်ဝင်စားမှုလျော့နည်းလာသဖြင့် ၁၉၉၂ ခုနှစ်ကတည်းကပင် SNLD ပါတီမှ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁**

ယနေ့ မိုးလေဝသ

၂-၅-၂၀၀၆

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်မြို့တော်

နေပြည်တော် မြို့တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ကြေးမုံ The Mirror အင်တာနက်သတင်း

ငှက်ဖျားပိုးဒဏ်ခံနိုင်သည့်ခြင် ရှာဖွေတွေ့ရှိ ငှက်ဖျားနှိမ်နင်းရေးတွင် များစွာအကျိုးရှိနိုင်မည်

လော့စ်အိန်ဂျယ်လိစ် ဧပြီ ၃၀

မာလီနိုင်ငံရှိ အချို့သော ခြင်များသည် ငှက်ဖျားရောဂါဖြစ်စေသော ကပ်ပါးပိုးဒဏ် ခံနိုင်ရည် ရှိနေသည်ကို ရှာဖွေတွေ့ရှိ၍ ထိုသတ္တိကို ရယူအသုံးချနိုင်အောင် ကြိုးပမ်းခြင်းဖြင့် ငှက်ဖျားရောဂါ နှိမ်နင်းရေးအတွက် နည်းလမ်းကောင်းတစ်ရပ် ဖော်ထုတ်နိုင်စရာရှိကြောင်း သိပ္ပံပညာရှင်များက ဧပြီ ၂၈ ရက်တွင် တင်ပြခဲ့ကြသည်။

ငှက်ဖျားရောဂါကို ဖြစ်ပွားစေသော ကပ်ပါးပိုး ပလပ်စမိုဒီယမ်ဖယ်လ်စီပါယပ်(Plasmodium Frlciparum) ကို အနော့ဖလိစ်ဇမ်ဘီယမ် ခြင်များသည် သယ်ဆောင်ကြသည်။ ထိုခြင်မျိုးများအနက် အချို့မှာ သဘာဝအားဖြင့် ငှက်ဖျားရောဂါပိုး ပြီးနေကြသည်ကို တွေ့ရှိထားကြသော်လည်း မည်သည့်အကြောင်းကြောင့် ထိုသို့ ရောဂါပြီးနေရသည်ကို သိပ္ပံပညာရှင်များ နားလည်သိရှိကြခြင်း မရှိခဲ့ပေ။

မကြာသေးမီအချိန်ကမှ အနောက်အာဖရိက ဘာမာကိုတက္ကသိုလ်နှင့် **စာမျက်နှာ ၉ ကော်လံ ၆ သို့ ✳**

ငှက်ဖျားရောဂါ ကပ်ပါးပိုးကို သယ်ဆောင်လာသော ခြင်တစ်ကောင်။ အင်တာနက်

NLD ပါတီသည် နယ်မြေဒေသကို ဦးဆောင်လမ်းပြနိုင်မှုမရှိ

တိုင်းရင်းသားစည်းလုံးညီညွတ်မှုအပိုင်း၊ တည်ဆောက်ရေး လုပ်ငန်းများအပိုင်းတို့၌ မှန်ကန်သည့် လမ်းညွှန်မှုမပေးနိုင် NLD ပါတီဝင်များ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ အားပေးအားမြှောက်ပြုလုပ်၊ ပါတီတွင်းအချင်းချင်းစည်းလုံးညီညွတ်မှုမရှိသည့်အတွက် တန့်ယန်းမြို့နယ် NLD ရုံးကို ပိတ်သိမ်းပြီး ပါတီဝင်အားလုံး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဆန်းဝင်း (ဥက္ကဋ္ဌ ရပ်ကွက်–၁ တန့်ယန်းမြို့)၊ ဦးအောင်ပု (ဒုတိယဥက္ကဋ္ဌ မိုင်းပတ်ရွာ တန့်ယန်းမြို့နယ်)၊ ဦးဆန်ထွန်း (ဒုတိယဥက္ကဋ္ဌ–၂ ရပ်ကွက်–၁ တန့်ယန်းမြို့)၊ ဦးအိုက်စံ (အဖွဲ့ဝင် ရပ်ကွက်–၃ တန့်ယန်းမြို့)၊ ဦးစိုင်းကိုကို (အဖွဲ့ဝင် ရပ်ကွက်–၆ တန့်ယန်းမြို့)၊ ဦးခမ်းဆောင် (အဖွဲ့ဝင် မန်ကတ်ရွာ တန့်ယန်းမြို့နယ်)၊ ဦးစိုင်းစံဗျိုင်း (အဖွဲ့ဝင် မန်ကတ်ရွာ တန့်ယန်းမြို့နယ်)၊ ဦးစိုင်းထွန်းကြာ (အဖွဲ့ဝင် မန်ကတ်ရွာ တန့်ယန်းမြို့နယ်)၊ ဦးစိုင်းငို့(ခ)ဦးစိုင်းကျော်နိုင် (အဖွဲ့ဝင် မိုင်းပတ်ရွာ တန့်ယန်းမြို့နယ်)၊ ဦးဇော်ဇော်မင်းဦး (တွဲဖက်အတွင်းရေးမှူး ရပ်ကွက်–၁ တန့်ယန်းမြို့)၊ ဦးစိုင်းဆာ (အဖွဲ့ဝင် ရပ်ကွက်–၂ တန့်ယန်းမြို့)နှင့် ဦးထွန်းသိမ်း (ဘဏ္ဍာရေးမှူး ရပ်ကွက် –၄ တန့်ယန်းမြို့)တို့ ၁၂ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်စာကို စုပေါင်းလက်မှတ်ရေးထိုးကာ ဧပြီ ၃၀ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လားရှိုးမြို့)နှင့် တန့်ယန်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့နုတ်ထွက်ခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ တန့်ယန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၂ ဦး၏ နုတ်ထွက်လွှာတွင် တန့်ယန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၁၉၈၈ ခုနှစ်မှစ၍ မြို့နယ်ဥက္ကဋ္ဌအဖြစ် ဦးဆန်းဝင်းပါ ပါတီဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း၊ ထိုသို့ တန့်ယန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်း၍ ပါတီလုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း ဖွဲ့စည်းစဉ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)အနေဖြင့် ပါတီနိုင်ငံရေးတာဝန်ကို နယ်မြေလူထုနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်သူများ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ●**